သုံးလူ့အထွဋ်၊ တမွတ်ဥသျှောင်၊ ဘုန်းခေါင်ဇိနေ၊
အမိတမြတ်ဖြား၊ စောဘုရား၏၊ ဟောကြား ထုတ်ပြရာ၊
လေးဖြာသော ပရမတ္ထတို့တွင် စတုတ္ထမြောက်ဖြစ်သော
နိဗ္ဗာနဓမ္မကို၊ ရှင်-လူ-ရဟန်းတို့-မပင်မပန်း ချမ်းမြေ့သာယာ၊
ကောင်းစွာလွယ်ကူ မှတ်ယူကြည့်ရှု စေခြင်းအကျိုးငှါ
ယထာဓမ္မ၊ ယထာဝါဒီ လင်္ကာပေသလ
သိက္ခာကာမ-သံသာရ
ဘယဘီရုက ဖြစ်တော်မူသော
(အုဂ်ဖိုရ်ဆရာတော်ဘုရားကြီးသည်)
ခြားသီး ထုတ်နှုတ်တော်မူအပ်သော

# စန္ဒမဏ္ဍလသုတ္တနိဗ္ဗာန်စာတန်း

-ကို-

ရန်ကုန်မြို့၊ အလုံရပ်၊ သစ်ခတောလမ်းနေ၊
ဦးမောင်ကလေး- ဒေါ်ပု သမီး- မစန်းစန်း တို့က
နဝမအကြိမ် ရိုက်နှိပ်၍ လှူဒါန်းပါသည်။

★

၁၃၃၂-ခု၊ တန်ခူးလ။ စာအုပ်ရေ-၁၀၀၀။

၆၄



မူလဒွါရ မဟာနိကာယ တိပိဋကဝိဓိုရ်

(ကျေးဇူးသျှင် အုဂ်ဖိုရ်ဆရာတော်ဘုရားကြီးပုံ)

# "နိဗ္ဗာန် ဆိုတာ"

—— ၀ ——

"ဗုဒ္ဓဘာသာဝင် ကုသိုလ်ရှင်တို့ရဲ့ အထွဋ်အထိပ် ပန်းတိုင် (နိဗ္ဗာန်)ဆိုတာကို တိုတိုနဲ့ ကျုပ်သဘောပေါက်အောင် ဟောပြစမ်းပါ"ဟု မျိုးခြားဆရာဝန်ကြီးတယောက်က အဘိဓမ္မာ လေ့လာလိုက်စားနေသူ ဘဏ်အရာရှိကြီးကိုမေးသည်။ ။"ဆရာကြီးနားလည်အောင်အတိုဆုံးပြောရရင် နိဗ္ဗာန်ဆိုတာဇီးရိုးပါဘဲဗျာ၊ နိဗ္ဗာန်မှာ ရုပ်လဲမရှိဘူး၊ နာမ်လဲမရှိဘူး"ဟု ဖြေကြားလိုက်သည်။ "ဘာမှမရှိရင် ဘာလိုချင်စရာရှိသလဲ၊ ဘာကြောင့် ဗုဒ္ဓဘာသာဝင်တွေက အထွဋ်အထိပ်ထားရပါသလဲ"ဟုထပ်မံပြောဆိုသောအခါ "ဆရာကြီးက နိဗ္ဗာန်ကို ဇီးရိုးဆိုတာနဲ့ အထင်သေးသွားသလား၊ နိဗ္ဗာန်ဆိုတာ" စသည်ဖြင့် ဟောပြောမည်ရှိသောအခါ "ကျုပ်က နိဗ္ဗာန်ကို အထင်မသေးပါဘူး၊ နိဗ္ဗာန်ကို ဇီးရိုးလို့ ဟောလိုက်တဲ့ အဘိဓမ္မာဆရာကြီးကိုသာ အထင်မကြီးတာပါ"ဟုပြန်ကြားပြောဆိုလေသည်။ဤကား လွန်ခဲ့သောနှစ်ပေါင်း ၃၀-ကျော်လောက်က ပြည်မြို့တွင် စာရေးသူ ကြားသိရဘူးသည့် စကားများတည်း။

"နိဗ္ဗာန်သည် ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာဖြစ်သည်။ နိဗ္ဗာန်ဝင်စံသူတို့သည် ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းကြကုန်သည်" ဟူသည်ကို ဗုဒ္ဓဘာသာဝင်တိုင်း သိရှိယုံကြည်ကြသည်၊ လက်ခံကြသည်။ သို့ရာတွင် နိဗ္ဗာန်၏အခြင်းအရာကိုရင်း၊ နိဗ္ဗာန်ဝင်စံကြကုန်သော ဘုရားပစ္စေကဗုဒ္ဓါသာဝက ရဟန္တာတို့၏အခြင်းအရာကိုရင်း၊ဟောပြောရေးသားကြရာ၌ ကျမ်းဂန်တတ် ပညာရှင်များပင် နတ္ထိကဝါဒ၊အဘာဝ၊ တုစ္ဆအဖြစ်သို့သက်လှားတတ်ကြကုန်သည်။သာမာန်

ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်
စာကြည့်တိုက်
ကမ္ဘာအေး။

ပညာရှင်ပုဂ္ဂိုလ်များအတွက်ကား ပြောဘွယ်ရာမရှိတော့ပြီ။နိဗ္ဗာန်ဟူသည် လေးပါးသော မဂ်ဉာဏ်ဖြင့် မျက်မှောက်ပြုအပ်သည်။ မဂ်ဖိုလ်တို့၏ အာရုံပြုရာဖြစ်သည် ဟူသည်ကိုကား သိရှိကြခြင်းများပြားပေသည်။ နိဗ္ဗာန်၏အခြင်းအရာ၊ နိဗ္ဗာန်သို့ဝင်စံကြကုန်သော ဗုဒ္ဓ,ပစ္စေကဗုဒ္ဓ,ရဟန္တာတို့၏အခြင်းအရာကိုကားသိရှိကြသူတို့ နည်းပါးကြသည်သာမက ထိုသို့သောအခြင်းအရာကို ကြံဆစူးစမ်းသူတို့ပင် နည်းပါးကြချေသည်။

(ဦးဘိုးရှင်း) နိဗ္ဗာန်ဝါဒကို ကြံဆစူးစမ်း၍ အုဂ်ဖိုရ်ဆရာတော်ဘုရားကြီးအား လျှောက်ထားတောင်းပန်သူ တရားမ တရားသူကြီးမင်း ဦးဘိုးရှင်းကား၊ ဟသ်ာတမြို့ဇာတိ၊ စင်ကဲကြီးဦးဖန်၏သားဖြစ်၏။ ဦးဘိုးရှင်းဟူသော အမည်နှင့်လိုက်အောင် စကားပြော ပွင့်ပွင့်လင်းလင်း ရှင်းရှင်းပြောတတ်၏။ ရှေးခေတ် အင်္ဂလိပ်စာတတ်နှင့် မြန်မာ ဘာသာ ကဗျာလင်္ကာ စာပေ ကျမ်းဂန် အကြည့်အရှု ဗဟုသုတများသူ ဖြစ်၏။ ရှေးခေတ်က ကိုးတန်း ဆယ်တန်းတို့၌ ပြဋ္ဌာန်း ထားရှိအပ်သော စဥ့်ကူးမင်း ရွှေနားတော်သွင်း အေးချင်းနှင့် ကိုးခဏ်းပျို့ လင်္ကာတို့ကို လေ့လာခဲ့ရဘူးသူ ဖြစ်သဖြင့် ကဗျာလင်္ကာ၌ အထူးဝါသနာပါ၍ စာပေအရေးအသား ကောင်းသူ တဦးဖြစ်၏။ အုဂ်ဖိုရ်ဆရာတော်ဘုရားကြီး ပျံလွန်တော်မူသောအခါ အလောင်းတော်ကို အတုလဝေယံ နိဗ္ဗာန်ကျောင်းကြီးသို့ ပင့်၍ ထီးဖွင့် ခမ်းဖွင့်သဘင် ဆင်ယင်ကျင်းပသည်မှစ၍ မဟာသာဓုကိစ္စနစျာပနပွဲကြီးအကြောင်းအရာတို့ကို ဖွဲ့ဆိုစီကုံးအပ်သော မင်္ဂလာအေးချင်း၊ ရတုပိုဒ်စုံ၊ လေးချိုးကြီး၊ ရှေး ရေး လူးတားညှပ် ၇၀-ပေါ်တေး

ထပ် အစရှိကုန်သော ကဗျာလင်္ကာ ပိုဒ်ရေများစွာတို့ဖြင့် တန်ဆာဆင်အပ်သော မင်္ဂလာအေးချင်းစာစောင်ကို အင်္ဂပူဆရာတော်၏ တိုက်တွန်းတော်မူချက်အရ ရေးသားစီကုံး၍ ဓမ္မဒါန ပုံနှိပ် ဖြန့်ဝေ လှူဒါန်းခဲ့သူ ဖြစ်ပေသည်။

(နတ္ထိက၊အဘာဝ၊တုစ္ဆဝါဒ) သက္ကရာဇ် ၁၂၆၃ - ခုနှစ်၌၊ ထို ဦး ဘိုး ရှင်း တောင်း ပန်လျှောက်ထားခြင်းကို အရင်းခံမူလ အကြောင်းပြု၍၊ ကျေးဇူးရှင်အင်္ဂဖိုရ်ဆရာတော်ဘုရားကြီးသည် စန္ဒမဏ္ဍလသုက္က နိဗ္ဗာန်စာတန်းကိုရေးသားတော်မူသည်။ နိဗ္ဗာန်၏အခြင်းအရာ အစိန္တေယျဂုဏ်၊ နိဗ္ဗာန်၌ ဝင်စံတော်မူကြသော ဗုဒ္ဓ၊ ပစ္စေကဗုဒ္ဓ၊ သာဝက ရဟန္တာတို့၏ အခြင်းအရာ အစိန္တေယျဂုဏ်တို့ကို ထုတ်ဖော်ပြသခါ ထူးခြား နက်နဲသော နိဗ္ဗာန်ဝါဒကို ညွှန်ကြားတော်မူခဲ့လေသည်။ ကျမ်းဂန်တို့၌ "မောဇက္ခယ၊ ရာဂ အစရှိသော ကိလေသာမှ လွတ်ရာဖြစ်သောနိဗ္ဗာန်။ နိရောဓေါ၊ ချုပ်ရာဖြစ်သောနိဗ္ဗာန်။ နိဗ္ဗာနံ၊ ဝါနဟု ဆိုအပ်သော တဏှာမှ ထွက်မြောက်ရာဖြစ်သော နိဗ္ဗာန်။ ဒီပေါ၊ မှီခိုရာကိုင်းကျွန်းသဖွယ်ဖြစ်သောနိဗ္ဗာန်။ တဏှာက္ခယော၊ တဏှာ၏ကုန်ရာဖြစ်သောနိဗ္ဗာန်။ ပရံ၊ မြတ်သောနိဗ္ဗာန်။ စသည်ဖြင့် ပြဆိုအပ်သည်။" လွတ်ရာ၊ ချုပ်ရာ၊ ထွက်မြောက်ရာ၊ ကုန်ရာဟူသည်တို့မှာ (သဒ္ဒါနည်း အဓိကရဏသာဓနဖြင့် ဖော်ပြထားလေရာ) အဓိပ္ပါယ်အားဖြင့် လွတ်ရာဌာန၊ ချုပ်ရာဌာန၊ ထွက်မြောက်ရာဌာန၊ ကုန်ရာဌာနဟု ဆိုလိုပေသည်။ အဋ္ဌကထာများတွင်လည်း ထိုကဲ့သို့ ဌာနကိုရယူအပ်သော စကားရပ်တို့ဖြင့် ဖွင့်ဆိုထားခြင်းများထင်ရှားရှိပေသည်။ (ဤကျမ်းစာ၌ပါရှိပေလတ္တံ့)

သို့ရာတွင် ယင်းသို့အဓိကရဏသာဓနအရဖြစ်သော ဌာနသို့ရောက်အောင် ကောက်ယူကြံဆ တင်ပြနိုင်ခြင်းမရှိကြဘဲ၊ ဘာဝသာဓနအရ၊ လွတ်ခြင်း၊ ချုပ်ခြင်း၊ ထွက်မြောက်ခြင်း၊ကုန်ခြင်းမျှကိုသာ ကောက်ယူကြံဆ တင်ပြကြခြင်းတို့သာ များပြား နေပေသည်။ ထိုသို့ကောက်ယူခြင်းများအရ ရာဂ အစ ရှိသော ကိလေသာတို့မှ လွတ်ခြင်းသည်ပင် နိဗ္ဗာန်မည်သည်။ ချုပ်ခြင်းသည်ပင် နိဗ္ဗာန်မည်သည်။ တဏှာမှထွက်မြောက်ခြင်းသည်ပင် နိဗ္ဗာန်မည်သည်။ တဏှာ၏ကုန်ခန်းခြင်းသည်ပင် နိဗ္ဗာန်မည်သည်ဟူသော အဓိပ္ပါယ်ဖြစ်ရှိနေရကား ဖော်ပြအပ်ပြီးသည်အတိုင်း အဘာဝဝါဒ၊ နတ္ထိကဝါဒ၊ တုစ္ဆဝါဒသို့ သက်လားခြင်းဖြစ်နေပေသည်။ (စန္ဒမဏ္ဍလသုတ္တ နိဗ္ဗာန် စာတန်း အချုပ်ကား၊ ဘုရားရဟန္တာတို့ ဝိပါက်ကမ္မဇရုပ်တို့ကို အကြွင်းမဲ့ ပယ်စွန့်၍ အမတနာမ်ဝိသေသ၊ အမတရုပ်ဝိသေသ သန္တိဘာဝ မဟာအသင်္ခတဓါတ် အထူးသဖြင့် မြတ်သော နိဗ္ဗာန်ပြည်ကြီးဟု ဆိုအပ်၏ ဟု ဖြစ်ပေသည်။)

(ကျမ်းဂန်တို့၌ တိုက်ရိုက်မဆို) ဤအမတနာမ်ဝိသေသ၊ အမတရုပ်ဝိသေသ ဟူသည်ကို ကျမ်းဂန်တို့၌ တိုက်ရိုက်အားဖြင့် ပြဆိုထားခြင်း မရှိသော်လည်း၊ ဤသို့ယူမှ ဥစ္ဆေဒဒိဋ္ဌိ၊ နတ္ထိကဒိဋ္ဌိ၊အကြိယဒိဋ္ဌိ၊အဟေတုကဒိဋ္ဌိ၊ သဿတဒိဋ္ဌိ၊ အဘာဝဝါဒ၊ နတ္ထိကဝါဒ၊တုစ္ဆဝါဒတို့မှ ကင်းလွတ်မည်သာဖြစ်ပေသည်။ နိဗ္ဗာန်သည် ဇီးရိုး (သုည) သာတည်းဟုဆိုသော် ဥစ္ဆေဒဒိဋ္ဌိ၊ နတ္ထိကဒိဋ္ဌိ၊ အဘာဝဝါဒ၊ တုစ္ဆဝါဒ ဖြစ်ပေမည်။ လောက၌ ထင်ရှားရှိသော ဘုရားပင် နိဗ္ဗာန်ဖြစ်၏ဟု ဆိုသော် သဿတဒိဋ္ဌိသို့သက်ဝင်ရာသည်။ လောက၌ဘုရားမရှိ၊နိဗ္ဗာန်

၌သာ ထေ၁ဝရဘုရားတဆူတည်း အမြဲရှိသည်ဟုယူသော် အဟေတုကဒိဋ္ဌိ၊ အကြိယဒိဋ္ဌိသို့သက်ဝင်ရာသည် စသည်ကို စန္ဒမင်္ဂလာသုတ္တ စာတန်းအတွင်း၌ ရှင်းလင်းပြဆိုထားပေသည်။ ယင်းဖော်ပြချက်ကား၊ နေယျတ်သဘာဝယုတ္တိဖြစ်သည်။ နေယျတ်အာဂမယုတ္တိကိုလည်း ထိုစန္ဒမင်္ဂလာသုတ္တနိဗ္ဗာန်စာတန်း၌ ဆက်လက်ပြဆိုထားခြင်း ရှိပေသည်။

ဤကျေးဇူးရှင် အုဂ်ဖိုရ်ဆရာတော်ဘုရားကြီး၏နိဗ္ဗာန်စာတန်းထွက်ပေါ်လာခဲ့သည်မှာ နှစ်ပေါင်းအားဖြင့် (၇၀) နီးပါးမျှရှိခဲ့ပြီဖြစ်လေသည်။ အစမထမ ထွက်ပေါ်လာသဲခဏ၌ ဗုဒ္ဓဘာသာလောကတွင် ရှေးက မကြားစဘူးသော အမြင်ထူး အသိထူးတို့ကြောင့် နိဗ္ဗာန်ဝါဒကို ဆန်းစစ်လေ့လာ၍ လာကြသဖြင့် အမှန်ကို ရောက်စေ သိစေသောအကျိုးထူးကို ခံစားလာရကြပေသည်။ စာတန်းတွင် လိုရင်းယုတ္တိမျှကိုသာ ပရိယတ္တိကျွမ်းကျင်သူ တပည့်ဒကာ တယောက်အားရည်စူး၍ အတိုဆုံး ချုံး ရေးသားဖော်ပြထားခြင်းဖြစ်ရာ၊ နိဗ္ဗာန်ဝါဒ သုတေသီတို့အဘို့ အတော်အတန်နှံ့စပ်ရုံမျှဖြင့် ဆရာတော်ဘုရားကြီး၏ အလိုတော် အာဘော်ကိုသဘောပေါက် ထောက်မိနိုင်ရန်မှာလည်း မလွယ်ကူနိုင်သလို ဖြစ်နေသည်ကို တွေ့ရှိလာရပေသည်။ ထို့ကြောင့် ဆရာတော်ဘုရားကြီး၏ တပည့်ရင်း သုတေသီအချို့တို့က "စန္ဒမင်္ဂလာသုတ္တ နိဗ္ဗာန်စာတန်း"ကိုပင် အကျယ်အဖွင့်သဘောဖြင့် မြန်မာစာ ဖတ်တတ်သူတိုင်း သဘောပေါက် နားလည်လွယ်အောင် စာတန်းမူရင်းနှင့်တွဲ၍ ချဲ့ထွင်ရေးသား ပေးသင့်ကြောင်းကို ဆွေးနွေးတင်ပြခဲ့ဘူးလေပြီ။ သို့သော် အခါအားလျော်စွာ မပေါ်လာနိုင်သေးမီ အ

# နိဒါန်း။

တွင်း၌ ဤနိဗ္ဗာန်စာတန်းမူရင်းကိုပင် အောက်ပါအတိုင်း အနှစ် (၇၀)အတွင်း ဓမ္မဒါနပြုရင်းဖြင့် တင်းတိမ်ခဲ့ကြရလေသည်။

## (ဓမ္မဒါနပြု ဖြန့်ဝေခဲ့ကြသောအကြိမ်များ)

၁။ စာအုပ်ရေးပြီးစ ၁၂၆၄-ခုနှစ်တွင် ဆရာတော်ဘုရားကြီး၏ တပည့် ဒကာများက ရိုက်နှိပ်သည်။ အုပ်ရေ မသိရ။

၂။ ပုသိမ်မြို့၊ မိဂဒါဝုန် ဆရာတော်ဘုရားကြီး၏ တပည့် ဒကာများက ရိုက်နှိပ်သည်။ အုပ်ရေ ၄၃၀၀။

၃။ အင်းစိန်မြို့၊ ကြို့ကုန်းရပ် ကမ္မဋ္ဌာနိက ဇေတဝိကုန်း အသင်းက ရိုက်နှိပ်သည်။ အုပ်ရေ ၂၀၀၀။

၄။ ရန်ကုန်မြို့၊ လောကသာရစာပုံနှိပ်တိုက်မှ (သာသနကုံရဒီပနီစာအုပ်၌ထည့်သွင်း)ရိုက်နှိပ်သည်။ အုပ်ရေမသိရ။

၅။ ၎င်းတိုက်မှပင် ၎င်း သာသနကုံရဒီပနီ စာအုပ်၌ ထည့်သွင်း၍ ဒုတိယအကြိမ်ရိုက် အုပ်ရေ ၁၀၀၀။

၆။ ပြည်မြို့၊ ပွင့်လှသိမ်ကုန်းရပ်နေ ဦးနိုင်-ဒေါ်ကျင်ယုံတို့က ရိုက်နှိပ်သည် အုပ်ရေမသိရ။

၇။ မူလဒွါရ မဟာနိကာယမှ ထုတ်ဝေသော ဓမ္မဝိနယ စာစောင်၌ ထည့်သွင်းရိုက်နှိပ်သည်။ အုပ်ရေ ၁၀၀၀။

၈။ ရန်ကုန်မြို့ ကြည့်မြင်တိုင်၊ ဟာရှင်မယ်တယ်စက် ပွဲစားကြီး လင်းလွန်းပင် ကျောင်းဒါယကာ ဦးကုလားကြီး

စသော ဒါယကာ တစုတို့က ရိုက်နှိပ်သည့် အုပ်ရေ ၁၀၀၀။

ထိုမှတပါးလည်း ရိုက်နှိပ်ခြင်းများသည်၊ အုဂ်ဖိုရ်ဆရာတော်ဘုရားကြီး၏ တပည့်ဒကာများစွာတို့အတွင်း၌ ထပ်မံရိုက်နှိပ်ခြင်းများ ရှိကောင်း ရှိပေမည်။

ယင်းသို့ အကြိမ်ကြိမ် ရိုက်နှိပ်လှူဒါန်း ကမ်းလှမ်းခြင်းပင်ရှိခဲ့သော်လည်း၊ ဤစန္ဒမင်္ဂလသုတ္တနိဗ္ဗာန်စာတန်းမှာ အလိုရှိတိုင်းမရ၊ ရှားပါးနေသည်ကို တွေ့ရပေသည်။ ဤသို့ရှားပါးရသည်မှာ မူပိုင်ထားရိုက်နှိပ်၍ စာအုပ်ဆိုင် များတွင်တင်ခါ ရောင်းချခြင်းအမှု မပြုကြ၍ဖြစ်ပေသည်။ ဆရာတော်ဘုရားကြီး၏ စာအုပ် စာတန်းမှန်သမျှသည် မည်သည့်ပုဂ္ဂိုလ် ဂိုဏ်းဂဏအနေဖြင့်ရင်း မူပိုင်ရှင်မထားရှိခဲ့ပေ။ မည်သူမဆို ရိုက်နှိပ်လှူဒါန်းခြင်း၊ ပြန့်ပွားစေမှုရှေးရှုပြီး ရိုက်နှိပ်ရောင်းချ ဖြန့်ဝေခြင်းကို အစဉ်ခွင့်ပြုထားပြီးသာလျှင်ဖြစ်ရာ၊ ဟံသာဝတီစာအုပ်တိုက်မှ ဆရာတော်ဘုရားကြီး၏ အတိစိတြဂမ္ဘီရတ္ထဓမ္မပရိယာ်အမျိုးမျိုးခေါ် စာအုပ်ကိုရင်း၊ အလုံပခုက္ကူ ဝိပဿနာသင်တန်းခွဲမှ ဝိပဿနာ ဉာဏတန္တိဋီကာ ကျမ်းကိုရင်း၊ စုပေါင်းရိုက်နှိပ် ဖြန့်ချိရောင်းချလျက်ရှိခြင်းကို ထောက်ရှု၍ ကျေးဇူးရှင် အုဂ်ဖိုရ် ဆရာတော်ဘုရားကြီး၏ ဤစန္ဒမင်္ဂလသုတ္တနိဗ္ဗာန်စာတန်းမှအစ ကျမ်းပေါင်းများစွာတို့ကို ဒွါရနိကာယ ဂိုဏ်းဂဏပုဂ္ဂိုလ်တို့အနေအားဖြင့် တစုံတရာ ပိုင်ဆိုင်ချုပ်ကိုင်မှုမပြု၊ ဓမ္မကွန် ပြန့်ပွားမှုကိုသာ ရှေးရှုရင်းမှ ဤနိဗ္ဗာန်စာတန်းသည် ရောင်းချဖြန့်ဝေမှုမရှိ၊ လှူဒါန်းမှုဖြင့်သာ ပျောက်ကွယ်လု

နိုးဖြစ်နေသည်ကို နှုံးမြွာတသ, ဓမ္မဒါနပြုလိုသူ၊ ရန်ကုန်မြို့ — အလုံရပ် သစ်တောလမ်းနေ၊ ဦးမောင်ကလေး - ဒေါ်ပု၊ သမီး မစန်းစန်းတို့သည်၊ ယင်းကဲ့သို့စာအုပ်ဆိုင်တို့၌ ဝယ်ယူ၍မရရှိနိုင် ရှားပါးနေသော စန္ဒမဏ္ဍလသုတ္တ နိဗ္ဗာန်စာဟန်းကို ရိုက်နှိပ်ဖြန့်ချီ လိုပါကြောင်းဖြင့် လျှောက်ထား လာသောကြောင့် ကြည့်မြင်တိုင် မဟာရာဇိကာရုံတိုက်၊ အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ဘုရားကြီး၏ အမိန့်တော်သံကို နာခံ၍ ပုဒ်နေ ပုဒ်ထား သတ်ပုံ မှားများကို ပြုပြင်ခါ၊ စက်တင်ပုံနှိပ် လိုက်ရပါကြောင်း။

ဦးဒေဝိန္ဒက

တိုက်အုပ်-စာချဆရာတော်၊

မဟာရာဇိကာရုံတိုက်၊ ကြည့်မြင်တိုင်။

(၁၃၃၁-ခု၊ နတ်တော်လပြည့်နေ့)

# စန္ဒမဏ္ဍလသုက္ကနိဗ္ဗာန်စာတန်း ။

—o—

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

အာကာရံဝ အစိန္တေယျံ၊ နိဗ္ဗာနဿစ ဗုဒ္ဓဿ။

မဗ္ဗဝါတွာ ဟာနိဿာယ၊ လောသမတ္တံဝ လောကဒ္ဓိဿံ။ ။

ဤကား ဝတ္ထုဂါထာ။

အင်္ဂုပ္ပရက္ကဋ္ဌေနာပိ၊ မောင်ဘိုးရှင်းတိ သုတေသိနာ။

ဥပါသကေနသက္ကစ္စံ၊ ဇာနိတုံ အဘိယာစိတော။ ။

ဤကား ပတျာဂါထာ။

အင်္ဂုပ္ပရက္က ဋ္ဌေနာပိ၊ အင်္ဂုပ္ပရ၊ မဂဓ နိမိတ်၊ ဗျယိတ် သံချို၊ မြို့အုပ်ဖိုရ်ကို၊ လိုအာဏာရ၊ တရားမမြို့အုပ်၊ သမုတ်အမှန်၊ ဌာနန္တရလည်းရှိထသော။ သုတေသိနာ၊ သုတမင်္ဂလာ, အဖြာဖြာသောနည်းကို၊ ဆည်းပူးရှာမှီးလေ့လည်း ရှိထသော။ မောင်ဘိုးရှင်းတိ ဥပသကေန၊ မြို့ရွာခပင်း၊ လူတသင်းတို့၏၊ ညစ်ထင်းရောဂါ၊ အနာနှင့်တူသောအမှု၊ အစုစုကို၊ ဥပဒေရာဇသတ်ဖြင့်၊ ဆုံးဖြတ် ရှင်းလင်းခြင်းငှါ၊ လိမ်မာသောဉာဏ်ရောင်၊ တန်ဆောင်ဆီမီး သဖွယ် ရှိသည်ဖြစ်၍၊ မောင်ဖိုးရှင်းဟု၊ ခေါ်ဝေါ်ပျံ့သင်း၊ သတင်းကျော်ညာသော၊ မြို့အုပ်မင်း ဒါယကာသည်။ သက္ကစ္စံ၊ ရိုသေစွာ။ နိဗ္ဗာနဿစ၊ နိဗ္ဗာန်၏ငှင်း။ ဗုဒ္ဓဿစ၊ ဘုရား၏ငှင်း။ အစိန္တေယျံ၊ ဆုံးခန်းတိုင်တိုင်၊ မသိနိုင်သော။ အာကာရံဝ၊ ခြင်းရာဆန်းကျယ်၊ အံ့ဘွယ်ပုံ့ဖြူး၊ ဂုဏ်အထူးကိုသာလျှင်။ ဇာနိတုံ၊

သိခြင်းငှါ။ အဘိယာစိတော၊ရှေးရှုရှက်စပ်၊ တောင်းပန်အပ်သည်ဖြစ်၍။ ဝါ၊ တောင်းပန်အပ်သောကြောင့်။ ဝါ၊တောင်းပန်အပ်သော။ အဟံ၊ ငါသည်။ မမ္မဓါတုံ၊ သဗ္ဗညုတဉာဏ်တော်ကို။ နိဿာယ၊ မှီ၍။ လေသတ္တော ဝ၊ အမြွက်မျှသာလျှင်။ ဝါ၊ အကျဉ်းမျှသာလျှင်။လေက္ခိဿံ၊ ဥာဏ်ပတျာဖြန့်၍ရေးပါအံ့။ ။ဤကားယောဇနာ။ ။ဤဂါထာ၌၊ အာကာရံဟူသောပုဒ်ကို၊ အာကာရိယတိ ဒဗ္ဗဝိသေသံ ဉာဏိယတိ ဧတေန ဂုဏဝိသေသေနာတိ အာကာရံဟု ဝစနတ်ပြု။ ။ဧတေန ဂုဏဝိသေသေန၊ ထိုဂုဏ်အထူးဖြင့်။ ဒဗ္ဗဝိသေသံ၊ ဘုရားဒြပ် တရားဒြပ်တော်အထူးကို။ အာကာရိယတိ ဉာဏိယတိ၊ သိအပ်၏။ ဣတိဘာသာ၊ ထိုသို့သိကြောင်း၏အဖြစ်ကြောင့်။ တံ ထိုဂုဏ်အထူးသည်။ အာကာရံ၊ အာကာရမည်၏။ ။ဤအရာ၌ အာဂမယုတ္တိကား၊ ဧဝံအစိန္တိယာဗုဒ္ဓါ၊ ဗုဒ္ဓဓမ္မာအစိန္တိယာ။ အစိန္တိယေပသန္နာနံ၊ ဝိပါကောဟောတိ အစိန္တိယော။ ။ဤလား ဗုဒ္ဓအပဒါန် ပါဠိတော်။ ပါရာဇိကာဏ်အဋ္ဌကထာ စသည်တို့၌လာသော အာဂမယုတ္တိ ဂါထာပါဌ်။ ။ဧဝံ၊ ဤသို့သော အပြားအားဖြင့်။ ဗုဒ္ဓါ၊ဘုရားဒြပ်တော်တို့သည်။ အစိန္တိယာ၊ အံ့ဩချီးမွမ်း၍မကုန်နိုင်။ ဗုဒ္ဓဓမ္မာ၊ ဘုရားဂုဏ် ကျေးဇူးတော်တို့သည်။ အစိန္တိယာ၊ အံ့ဩချီးမွမ်း၍မကုန်နိုင်။ တနည်းကား။ ဗုဒ္ဓါ၊ ဘုရား- ဘုရားဂုဏ်ကျေးဇူးတော်တို့သည်။ အစိန္တိယာ၊ အံ့ဩချီးမွမ်း၍မကုန်နိုင်။ ဗုဒ္ဓဓမ္မာ၊ ဘုရား တရားတော် တို့သည်။ အစိန္တိယာ၊ အံ့ဩချီးမွမ်း၍မကုန်နိုင်။ ဧဝံ၊ ဤသို့။ အစိန္တိယေ၊ အံ့ဩချီးမွမ်း၍မကုန်နိုင်သော၊ ဘုရားဒြပ်တော်၊ ဘုရားဂုဏ်တော်တို့၌၊ဝါ၊ဘုရား-ဘုရား ဂုဏ်ကျေးဇူး၊ ဘုရားတရားတော်၌။ ပသန္နာနံ၊ သဒ္ဓါကြည်ညိုကုန်သောသူတို့အား။ အစိန္တိယော၊ အံ့ဩ

ချီးမွမ်း၍မကုန်နိုင်သော။ ဝိပါကော၊ အကျိုးသည်။ဟောတိ၊ဖြစ်၏။ ဤကား ယောဇနာ။ ။ဤယောဇနာနည်းတို့တွင်၊ ဧဝံ အစိန္တိယာဗုဒ္ဓါ၊ ဗုဒ္ဓဓမ္မာ အစိန္တိယာ၊ အစိန္တိယေ၊ တိုင်အောင်သောပါဠိတို့၌၊ ပထမယောဇနာနည်းကို၊ သာရတ္ထဒီပနီဋီကာနှင့်အညီ၊ ဒုတိယ ယောဇနာနည်းကို၊ အပါဒါန်အဋ္ဌကထာနှင့်အညီ။ ယောဇနာအပ်သည်၊ ဤဂါထာ၌၊ ပထမပါဒ ဒုတိယပါဒဖြင့်၊ ဘုရားရှင်၏ ဂုဏ်တော် ကျေးဇူးတော်တို့သည်၊ အထူးထူး အထွေထွေ ဖြစ်ခြင်းကြောင့်၊ တဆူသော ဘုရားရှင်၏ ဂုဏ်ကျေးဇူးကို၊ တဆူသောဘုရားရှင်သည်၊ အာယုကပ်ပတ်လုံး အသက်တော်ရှည်သမျှ၊ တပါးတရားစကားကို၊ မဟောကြားမူ၍၊ ထိုတဆူသော ဘုရားရှင်၏ ဂုဏ်ကျေးဇူးကိုသာ၊ ရေတွက်ဟောကြားသော်လည်း၊ အာယုကပ်ကုန်၍၊ ပရိနိဗ္ဗာန်သာပြုရမည်။ ထိုတဆူသော ဘုရားရှင်၏ ဂုဏ်ကျေးဇူးသည်၊ မကုန်နိုင်ဟူသော အဓိပ္ပါယ်ကိုမှတ်။ တနည်းကား၊ ပထမပါဒ ဒုတိယပါဒဖြင့်၊ ဘုရား- ဘုရားဂုဏ်ကိုရင်း။ တရားတော်၏ဂုဏ်ကိုရင်း။ အထူးထူး အထွေထွေ ဖြစ်ခြင်းကြောင့်၊ ကြံစီအံ့သြချီးမွမ်း၍၊ မကုန်နိုင်ကုန်သည်၏ အဓိပ္ပါယ်ကို ပြတော်မူသည်။ ထိုတရားတော်တို့တွင် နိဗ္ဗာန်ဟူသော တရားတော်၏ ဂုဏ်ကျေးဇူးကိုလည်း၊ ထိုဘုရားရှင်၏ ဂုဏ်ကျေးဇူးကဲ့သို့ပင်၊ အာယုကပ်ပတ်လုံး၊ဟောကြားသော်လည်းမကုန်နိုင်။တတိယပါဒ၊ စတုတ္ထပါဒနှစ်ပါးဖြင့်၊ ထိုဘုရားဂုဏ် တရားဂုဏ်တော်တို့၌၊ မတုန်မလှုပ်၊ သက်ဝင်ယုံကြည်သဖြင့်၊ ကြည်ညိုကြသော သူတို့အား အံ့သြချီးမွမ်း၍မကုန်နိုင်သော၊ အကျိုးထူး ဝိသေသ၊ ရှိသည်၏အဖြစ်ကို ပြတော်မူသည်။ ။ယုံကြည်ဘွယ်မှုထူးဝတ္ထုကား၊ ရာဇဂြိုဟ်ပြည်ကြီး၌၊ ဇောတိက, စတိလ အစရှိကုန်သော၊ မဟာ

ကုလမျိုးတို့၏၊ စည်းစိမ်ချမ်းသာ၊ အစိန္တေယျသရုပ်၊ အတ္ထုပ္ပတ္တိ
ဝတ္ထုရှိလေပြီ။ဗုဒ္ဓဓမ္မာဟူသောပါဠိ၌၊ အပါဒါနိအဋ္ဌကထာနှင့်အညီ၊
ဓမ္မအရကို၊ ပရိယတ္တိဓမ္မနှင့်တကွ၊ လောကုတ္တရာဓမ္မကိုယူ၊ ထိုဓမ္မ
တို့တွင်၊ နိဗ္ဗာန်ဟူသောဓမ္မဂုဏ်ကို၊ အောက် ဓမ္မအပေါင်းတို့ထက်၊
လွန်ကဲသောဂုဏ်ရှိ၏ဟုမှတ်။ ဤပါဠိအပေါင်းတို့တွင်၊အစိန္တိယာ
ဗုဒ္ဓ ဟူသောပါဠိဖြင့်၊ လောက၌ ထင်ရှားရှိသော ဘုရားကိုသာ၊
ရည်၍ဆိုအပ်သည်။ နိဗ္ဗာန်သို့ ကြွရောက်တော်မူသောဘုရားရှင်ကို
မဆိုဟုမယူအပ် ယူသော် ယေဗြဟ္မဏာဝေဒဂူ သဗ္ဗဓမ္မေ တေမေ
နမော ဟူသော ရှေ့ဦးဒေါင်းမင်း ပရိတ်တော်။ သရိတွာပုဗ္ဗကေ
ဇိနေ ဟူသော၊ ငုံးမင်းပရိတ်တော်စကားတို့သည်။ နိရတ္ထကဖြစ်ကုန်
ရာသည်။ ဤနိဗ္ဗာန်ဟူရာ၌၊ နိဗ္ဗာန်သည်၊ သဉပါဒိသေသနိဗ္ဗာန်၊
အနုပါဒိသေသနိဗ္ဗာန်ဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင်၊
ဘုရားရဟန္တာတို့သည်၊ ဝိပါက် ကမ္မဇရုပ်အကြွင်းရှိစဉ်၊ ခံစားအပ်
သောနိဗ္ဗာန်သည်၊ သဉပါဒိသေသ နိဗ္ဗာန်မည်၏။ ဝိပါက် ကမ္မ
ဇရုပ်တို့ကို၊ အကြွင်းမဲ့ ပယ်စွန့်၍၊ အမတနာမ်ဝိသေသ ရုပ်ဝိသေ
သဖြင့် ခံစားပြန်သောအခါ၊ အနုပါဒိသေသ မဟာအသင်္ခတ
ဓါတ် အထူးသဖြင့်မြတ်သော နိဗ္ဗာန်ပြည်ကြီးဟုဆိုအပ်၏။ ယင်း
သို့ နိဗ္ဗာန်နှစ်ပါး ပြားခြင်းသည်၊ ပုဂ္ဂလဘေဒအားဖြင့် ပြားသည်
မဟုတ်။ တယောက်သောပုဂ္ဂိုလ်၌ပင် အခိုက်အတန့်အားဖြင့် ပြား
သည်ဖြစ်၍၊ နိဗ္ဗာန်ကို အဧတ္တာဘံဟု ဆိုအပ်သည်။ နှစ်ယောက်
မတန်၊နှစ်နိဗ္ဗာန်ဟု၊ပညာရှိတို့လည်းဆိုကုန်သည်။ ဤနိဗ္ဗာန်၏ဖြစ်
သော အခြင်းအရာကို၊ ယောကနတိုင်း သာဂလပြည်ကြီးကို အစိုး
ရသော မိလိန္ဒမင်းကြီးက ရဟန္တာဖြစ်သော ရှင်နာဂသိန် မထေရ်
မြတ်ကို၊ အရှင်ဘုရားနာဂသိန်၊ ထိုနိဗ္ဗာန်၏ တည်ရာအရပ်သည်

အရပ်ရှစ်မျက်နှာ ဆယ်မျက်နှာတို့တွင်၊ အဘယ်အရပ်၌ ရှိသနည်း ဟုမေးလျှောက်သည်ရှိသော်၊ ထိုအရပ်တို့တွင် တစုံတခုသောအရပ် ၌မရှိဟု၊ ရှင်နာဂသိန်ကဖြေ၏။ ထိုအခါ မင်းကြီးကအရှင်ဘုရား နာဂသိန်၊ အကယ်၍နိဗ္ဗာန်တည်ရာအရပ်မရှိခဲ့သော်၊ အကြင်အရိယာ ပုဂ္ဂိုလ်တို့အား၊ နိဗ္ဗာန်ကို မျက်မှောက်ပြု၏ ဟူသော စကား သည် ချွတ်ယွင်းတိမ်းပါး မှားခဲ့၏တကား၊ အရှင်ဘုရားနာဂသိန်၊ လောက၌ စပါး၏ စိုက်ပျိုးရာလယ်သည်ရှိ၏။ အနံ့၏ဖြစ်ရာ ပန်း သည်ရှိ၏။ပန်း၏တည်ရာ တောချုံသည်ရှိ၏။ အသီး၏သီးရာ သစ် ပင်သည်ရှိ၏။ ရတနာ၏ဖြစ်ရာ ကောင်းကင် သမုဒ္ဒရာသည်ရှိ၏။ အလိုရှိသောသူသည် ထိုရှိရာ အရပ်သို့သွား၍ ဆောင်ယူသကဲ့သို့၊ ထိုအတူ နိဗ္ဗာန်သည်၊ အရပ်ရှစ်မျက်နှာဆယ်မျက်နှာတို့တွင် တရပ် ရပ်၌ ရှိသောသာလျှင် ထိုနိဗ္ဗာန်ကို အလိုရှိအပ်၏။ မရှိဘဲလျက် နိဗ္ဗာန်ကို မျက်မှောက်ပြု၏ ဟူသော စကားကို ဆိုခြင်းကြောင့်၊ ထိုစကားကို မိစ္ဆာဟု တကာတော် ဆိုသတည်းဟု မင်းကြီးက လျှောက်၏။ ထိုအခါ ရှင်နာဂသိန်က၊ မင်းကြီး တစုံတခုသော အရပ်၌ အကယ်၍ နိဗ္ဗာန်ထင်ရှားမရှိသော်လည်း၊ ထိုထိုအတီတာ နန္တရဘဝတို့၌၊ ဖြည့်ဆည်းပူးအပ်သော၊ ပုညသမ္ဘာရ ရှိသောသူ သည်၊ ယောနိသောမနသိကာရအားဖြင့် အနိစ္စ၊ ဒုက္ခ စသော ဝိပဿနာကမ္မဋ္ဌာန်းကို စီးဖြန်းသည်ရှိသော်၊ နိဗ္ဗာန်ဟူသောတရား သည်၊ မျက်မှောက်၌ ထင်ရှားပေါ်လာသည်ဖြစ်၍ နိဗ္ဗာန်ကို မျက်မှောက်ထင်ထင် ပြုနိုင်သတည်းဟုဖြေ၍၊ ဥပမာဖြင့် ထင်ရှား ပြအံ့သောငှါ။ ။ယထာပန မဟာရာဇ အတ္ထိ အဂ္ဂိနာမ နတ္ထိ တဿ သန္နိဟိတောကာသော ဒွေကဋ္ဌာနိ၊ သံဃဋ္ဋေန္တော အဂ္ဂိံ အဓိဂစ္ဆတိ။ ဧဝမေဝခေါ မဟာရာဇ အတ္ထိ နိဗ္ဗာနံ။ နတ္ထိ ဘဿ

သန္တိဟိတောကာသော သမ္မာ ပဋိပ္ပန္နော ယောနိသော နမသိ ကာရေနနိဗ္ဗာနံ သစ္ဆိကရောတိ (ဗိ-လိန္ဒ-ပဉှာ- (၁၀-ကျောင်း ပေညီ)ချုပ်။ ပန၊ ဥပမာဖြင့် ထင်ရှားဆိုဦးအံ့။ မဟာရာဇ၊ မင်း ကြီး။အဂ္ဂိနာမ၊ မီးမည်သည်။အတ္ထိ၊ ရှိ၏။ တဿ၊ ထိုမီး၏။သန္တိ ဟိတောကာသော၊ စုဝေးသိုမှီးရာအရပ်သည်။ နတ္ထိ၊ မရှိ။ ပနတ ထာပိ၊ ထိုသို့မရှိသော်လည်း။ ဒွေကဋ္ဌာနိ၊ နှစ်ချောင်းကုန်သော ဒုဋ္ဌ်တို့ကို။ သံဃဋ္ဋေန္တော၊ ပွတ်တိုက်သည်ရှိသော်။ အဂ္ဂိံ၊ မီးကို။ အဘိဂ္ဂဏ္ဍတိယထာ၊ ရအံ့သို့။ ဧဝမေဝခေါ၊ ဤအတူသာလျှင်။ မဟာရာဇ၊ မင်းကြီး။ နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ အတ္ထိ၊ ရှိ၏။ တဿ၊ ထိုနိဗ္ဗာန်၏။ သန္တိဟိတောကာသော၊ စုဝေးသိုမှီးရာအရပ်သည်၊ နတ္ထိ၊ မရှိ။ ပနတထာပိ၊ ထိုသို့မရှိသော်လည်း။ သမ္မာပဋိပ္ပန္နော၊ ဝိပဿနာ ကမ္မဋ္ဌာန်းကို၊ ကောင်းစွာ စီးဖြန်းခြင်း အကျင့်ရှိသော သူသည်။ ယောနိသောမနသိကာရေန၊ အသင့်အတင့် နှလုံးသွင်း သဖြင့်။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ သစ္ဆိကရောတိ၊ မျက်မှောက်ထင်ထင် ပြုနိုင်၏။ ။ဤကား ယောဇနာ။ ဤပါဠိ၌၊ ဒွေကဋ္ဌာနိ သံ ဃဋ္ဋေန္တောအဂ္ဂိံ အဘိဂ္ဂဏ္ဍတိဟူသောပါဠ်ဖြင့်၊ မီးကိုအလိုရှိသောသူ သည်၊ ဒုဋ္ဌ်နှစ်ချောင်းတို့ကို ပွတ်တိုက်သည်ရှိသော်၊ မျက်မှောက် ထင်ထင် မီးဖြစ်လာ၍၊ မြင်ရသကဲ့သို့၊ ပညာသမ္ဘာရရှိသော ယောဂီ ပုဂ္ဂိုလ်သည်၊ ယောနိသော မနသိကာရအားဖြင့်၊ ဝိပဿနာကို ပွားသည်ရှိသော်၊ မျက်မှောက်၌ပင် နိဗ္ဗာန်သည် ထင်ရှားစွာပေါ် လာ၏ဟူသော အဓိပ္ပါယ်ကိုပြသည်။ မင်းကြီး၊ ဥပမာတနည်း ကား၊ လောက၌ စကြာရတနာ၊ဆင်ရတနာ၊မြင်းရတနာ၊ပတ္တမြား ရတနာ၊ မိဖုရားကြီးရတနာ၊ သူဌေးကြီးရတနာ၊ သားကြီး ရတ နာဟု ဆိုအပ်ကုန်သော ရတနာ ခုနစ်ပါးတို့သည် ထင်ရှားရှိကုန်

၏။ သိုမှီးရာအရပ်ကားမရှိ။ ထိုသို့မရှိသော်လည်း ဆည်းပူးအပ်သော ပညာသမ္ဘာရရှိသောသူသည်၊ စကြာမင်းတို့ကျင့်အပ်သော ကျင့်ဝတ် တစ်ဆယ့်နှစ်ပါးကို ကျင့်သဖြင့်၊ မျက်မှောက် မျက်မြင် ပေါ်လာထင်ရှားရ၍ သုံးဆောင်ခံစားရသကဲ့သို့ဟု ဥပမာကိုဆိုပြီး ၍၊ ဥပမေယျကို ထင်စွာပြခြင်းငှါ။ ။ဧဝ မေဝခေါ၊ မဟာရာဇ အတ္ထိ၊ နိဗ္ဗာနံ နတ္ထိ တဿသန္နိဟိတောကာသော သမ္မာပဋိပ္ပန္နော ယောနိသော မနသိကာရေန သဥ်္ငါရာနံ ဥဒယဗ္ဗယံ သမ္မသမာ နောနိဗ္ဗာနံ သစ္ဆိကရောတိတိဟူ၍ မိန့်တော်မူ၏။ (မိလိန္ဒပညှာ ၁၁-ကျောင်းပေ ညီချပ်။) ဥပမာပါဠိကို ကျယ်အံ့စိုး၍ မရေး လိုက်ပြီ။ အလိုရှိလျှင် မိလိန္ဒပညှာ၌ရှု။ မဟာရာဇ၊ မင်းကြီး။ ဧဝ မေဝခေါ၊ ဤရတနာခုနစ်ပါး အတူသာလျှင်။ နိဗ္ဗာနံ၊ နိဗ္ဗာန် သည်။ အတ္ထိ၊ ရှိ၏။ တဿ၊ ထိုနိဗ္ဗာန်၏။ သန္နိဟိတောကာသော၊ စုဝေးသိုမှီးရာအရပ်သည်။ နတ္ထိ၊ မရှိ။ ပနတထာပိ၊ ထိုသို့မရှိ သော်လည်း။ သမ္မာပဋိပ္ပန္နော၊ ကောင်းစွာ ကျင့်သောသူသည်။ ယောနိသော မနသိကာရေန၊ အသင့်အတင့် နှလုံးသွင်းသဖြင့်။ သဥ်္ငါရာနံ၊ သဥ်္ငါရတို့၏။ ဥဒယဗ္ဗယံ၊ ဖြစ်ခြင်းပျက်ခြင်းတေးကို။ သမ္မသမာနော၊ ကောင်းစွာမြင်သည်ဖြစ်၍။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ သစ္ဆိကရောတိ၊ မျက်မှောက်ထင်ထင် ပြုနိုင်၏။ ဣတိ၊ ဤသို့။ အာဟ၊ ဆို၏။ ဤကား ယောဇနာ။

ထိုအခါ မင်းကြီးက၊ အရှင်ဘုရား နာဂသိန်၊ ထိုနိဗ္ဗာန်၏ စုဝေး၍၊ တည်ရာအရပ် မရှိသည်ဖြစ်စေ၊ အကြင် အရပ်ဒေသ၌ တည်လျက်၊ ကောင်းစွာကျင့်သောသူသည်၊ နိဗ္ဗာန်ကိုမျက်မှောက် ပြုရာ၏။ ထိုအရပ်ဒေသသည် ရှိသလောဟုမေးပြန်သော်၊ မင်းကြီး

ဆောက်တည်အပ်သော သီလသည် နိဗ္ဗာန်ကို မျက်မှောက်ပြုရာ အရပ်တည်း။ သီလ၌တည်လျက်၊ ကောင်းစွာနှလုံးသွင်းသောသူ သည်၊ မိမိ၏တောအရပ် အစရှိသော တစုံတခုသောအရပ်၌ နေ သော်လည်း၊ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်၏။ ဤသို့ စသည်ဖြင့် ဆိုသည်ရှိသော်၊ အရှင်ဘုရား ကောင်းလှပေ၏။ အရှင်ဘုရား၏ စကားကို တကာတော် ဝန်ခံပါ၏ဟု ဆို၏။

ဤစကားအစဉ်ကိုတွင် ရှေးဥပမာဖြင့် နိဗ္ဗာန်၏ လဝန်း, နေ ဝန်းအစောင်၊ တန်ဆောင်ဆီမီးပမာ၊ အရောင်အဝါ လွန်ကဲစွာ သော အခြင်းအရာနှင့်တကွ၊ ထင်ရှား ပေါ်လာသည်ကို ပြသည်။ နောက် ဥပမာဖြင့်၊ ပြဿဒ်မင်း၏ ဘုံဗိမာန်မျှမက၊ နှလုံးမွေ့ လျော်ဘွယ် အဆန်းဆန်း၊ ရတနာအတိပြီးသော နိဗ္ဗာန်ဘုံနန်း အခြင်းအရာနှင့်တကွ၊ ထင်ရှားပေါ်လာသည်ကို ပြတော်မူသည်။ ကျမ်းဂန်တို့၌၊ ဥပမာနှစ်ပါးစသည်ကိုပြသည်ရှိသော်၊ ရှေးဥပမာ- နောက် ဥပမာဖြင့်၊ ဥပမေယျအနက် ထူးသည်၏အဖြစ်ကို သိစေ ခြင်းငှါရင်း။ ဥပမေယျအနက် ထင်ရှားစေခြင်းငှါရင်း။ ဥပမာ နှစ်ပါးစသည်ကိုပြမြဲဖြစ်သည်။ ။ပုံကား၊ အဝိဇ္ဇာ မဟာဂဟ ဏံ ဝိယမဟာဒုဂ္ဂံ ဝိယစအန္ဓကာရံ အဝိဘူတံဟောတိ။ ။ဤ ကား၊ နေတ္တိအဋ္ဌကထာ သောဓနာဟာရ ဝိဘင်္ဂဝဏ္ဏနာ ၁၁- ကျောင်းပေ ညာချပ်၌ လာသောပုံတည်း။ ။မနောဝိညာဏ ဓါတုဂဟိတာ ရမ္မဏံမုဋ္ဌိတွာပိ အညံဂဟေတွာဝ ပဝတ္တနတော ဝနမက္ကဋောဝိယ၊ ဒုဒ္ဒမနတော အဿခလုံကောဝိယ ယတ္ထကာ မနိပါတိတောဝေဟာ သံခိတ္တဒဏ္ဍောဝိယ လောဘ ဒေါသာဒိနာ နပ္ပကာရ ကိလေသယောဂတော ရင်္ဂနဋောဝိယ ဒဋ္ဌဗ္ဗာတိ။ ဤ

ကား၊ သမ္မောအဋ္ဌကထာ ဓါတုဝိဘင်္ဂဏ္ဏနာ ၁၀-ကျောင်း ပေဂချပ်၌ လာသောပုံတည်း။ ။အဝိဇ္ဇ၊ သစ်မြစ်နွယ်ကြိမ်၊ ရှက်လိမ်ရှုပ်ထွေးသည်ဖြင့်၍၊ ဖြေထွင်နိုင်ခဲသော။ မဟာဂဟဏံဝိယစ၊ တောအုပ်ကြီးကဲ့သို့ရှင်း။ မဟာဒုဂ္ဂံဝိယစ၊ ကြီးကျယ်ရှည်လျား များမြောက်သည်ဖြစ်၍၊ ကူးမြောက်နိုင်ခဲသော တောကြီးကဲ့သို့ရှင်း။အန္ဓကာရံ၊အမိုက်တိုက်သည်။ ဟုတွာ၊ဖြစ်၍။လောကော၊ လောကသည်။ အဝိဇ္ဇာယ၊ အဝိဇ္ဇာဖြင့်။ အဝိဘူတံ၊ မထင်ရှားသည်။ ဟောတိ၊ ဖြစ်၏။ ဤကား ရှေးပါဌ်၏ ယောဇနာ။ မနောဝိညာဏဓါတု၊ မနောဝိညာဏဓါတ်သည်။ ဝါ၊ မနောဝိညာဏဓါတ်ကို။ ဝါ၊မနောဝိညာဏဓါတ်၏။ဂဟိတာရမ္မဏံ၊ယူအပ်သော အာရုံကို။ မုဉ္စိတွာပိ၊ လွှတ်၍လည်း။ အညံ၊ တပါးသော အာရုံကို။ ဂဟေတွာဝ၊ ယူ၍သာလျှင်။ ပဝတ္တနတော၊ ဖြစ်ခြင်းကြောင့်။ ဝနမက္ကဋ္ဌောဝိယ၊ တောမျောက်ကဲ့သို့ရှင်း။ ဒုဒ္ဒမနတော၊ ဆုံးမနိုင်ခဲသောကြောင့်၊ ဝါ၊ထိန်းသိမ်းနိုင်ခဲသောကြောင့်။အဿခလုံကောဝိယ၊ မြင်းကြမ်းကဲ့သို့ရှင်း။ ယတ္ထကာမနိပါတိတော၊ အကြင်အာရုံ၌ အလိုရှိရာ ကျတတ်သောကြောင့်။ ဝေဟာသံ၊ ကောင်းကင်သို့။ ခိတ္တဒဏ္ဍောဝိယ၊ ပြစ်အပ်သောလှံတံကဲ့သို့ရှင်း။ လောဘဒေါသာဒိနာနပ္ပကာရ ကိလေသယောဂတော၊ လောဘဒေါသ စသော အထူးထူး အပြားပြားများသော ကိလေသာနှင့် ယှဉ်သောကြောင့်။ ရင်္ဂနဋ္ဌောဝိယ၊ သဘင်ကချေသည်ကဲ့သို့ရှင်း။ ဒဋ္ဌဗ္ဗာ၊ မှတ်အပ်၏။ ဤကား နောက်ပါဌ်၏ ယောဇနာ။ ။ ဤပုံ ဥပမာတို့လာသည်ကိုထောက်ရှု၍၊ ရဟန္တာမြတ် ရှင်နာဂသိန်၏ ဥပမာ အနက်ထူးဟန်ကိုလည်းသိ။ ။အနိဒဿနံ နိပ္ပပဉ္စံသန္တံ အမတံပဏီတဉ္စ သိဝဉ္စ ခေမံ တဏှက္ခယော အစ္ဆရိယဉ္စအဗ္ဘုတံ။

ဤကာဒ္ဒး နေတ္တိ ဝေဝစနာဟာရ၌ လာသော ပါဠိတော် ၁၁ ကျောင်း ပေခိချပ်။ ။နိဗ္ဗာန်၏ ဂုဏ်ပုဒ်အများတို့တွင် လိုရာ ဤ ၁၀-ပုဒ်ကိုသာ ရွေးနှုတ်ထုတ်လိုက်သည်။ အကြွင်းကို အလို ရှိလျှင် ထိုဟာရမှာရှု။ အနိဒဿနံ၊ အရိယာပုဂ္ဂိုလ်တို့သာမြင်အပ် သိအပ်ကုန်သည်ဖြစ်၍။ ဇစ္စန္ဓပုဂ္ဂိုလ်တို့သည်၊ နေ့လကို မမြင် မသိ နိုင်သကဲ့သို့။ ဇစ္စန္ဓဟု ဆိုအပ်ကုန်သော ပုထုဇဉ် ပုဂ္ဂိုလ်တို့သည်၊ မံသစက္ခု ဒိဗ္ဗစက္ခုဖြင့်၊ နိဗ္ဗာန်ကို မမြင်မသိနိုင်ခြင်း။ အနိဒဿန ဂုဏ်လည်းရှိ၏။ နိပ္ပပဥ္စံ၊ သံသရာကိုကျယ်စေတတ်သော၊ တဏှာ မာနဒိဋ္ဌိဟုဆိုအပ်သော ပပဉ္စတရားသုံးပါးလည်းမရှိခြင်း။ နိပ္ပပဉ္စ ဂုဏ်လည်းရှိ၏။သန္တံ၊ ငြိမ်သက်တည်ကြည်ခြင်း သန္တဂုဏ်လည်း ရှိ၏။ အမတံ၊ စုတေ့ ရွေ့လျောခြင်းမရှိသော၊ အမတဂုဏ်လည်း ရှိ၏။ ပဏီတံ၊ မွန်မြတ်ခြင်း ပဏီတဂုဏ်လည်းရှိ၏။ သိဝံ၊ ကာမ ဝဋ်၊ ကိလေသဝဋ်၊ ဝိပါကဝဋ်တို့၏ မရှိခြင်းကြောင့်ရင်း။ ဝါ၊ ရာဂ မီး၊ ဒေါသမီး၊ မောဟမီး၊ ပဋိသန္ဓေ နေရခြင်းမီး၊ အိုရခြင်းမီး၊ နာရခြင်းမီး၊ သေရခြင်းမီး၊ စိုးရိမ်ပူဆွေးရခြင်းမီး၊ ဒုက္ခမီး၊ နှလုံး မသာယာခြင်းမီး၊ သက်ကြီးရှိုက်တငင် ပင်ပန်းရခြင်းမီးဟုဆိုအပ် သော၊ ၁၁-ပါးသောမီး မရှိခြင်းကြောင့်ရင်း။ ချမ်းခြေင်း၊ သိဝ ဂုဏ်လည်းရှိ၏။ ခေမံ၊ တစုံတခုဘေးမရှိခြင်း။ ခေမဂုဏ်သည်း ရှိ၏။ တဏှက္ခယော၊ တဏှာ၏ကုန်ခြင်း။ တဏှက္ခယဂုဏ်လည်း ရှိ၏။ အစ္ဆရိယံ၊ ပြုအပ်ပြီးသော ကောင်းမှုရှိသော သူတို့သည်၊ ရှေးရှေးသောကာလ၌၊ တကြိမ်ဘခါမျှမမြင်ရဘူးသော၊ အဆန်း တကျယ်သော နိဗ္ဗာန် ဘုံဗိမာန်ကို၊ ပစ္ဆိမဘဝ၊ ဤကာလ၌၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်၊ ပစ္စဝေက္ခဏာဉာဏ်တို့ဖြင့်၊ တရံတခါသာ လျှင် မြင်အပ်သည်၏ အဖြစ်ကြောင့်၊ လက်ပျစ်ဝဲတီး အံ့ချီး၍

မကုန်နိုင်သော၊အစ္စရိယဂုဏ်လည်းရှိ၏။ ။အဗ္ဘုတဥ္စ၊ လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံ့တို့၌၊ တရံတခါ မဖြစ်ဘူးမြဲး၊ အထူး အဆန်း အခန်းခန်း ဖြစ်လာခြင်း၊ အဗ္ဘုတ ဂုဏ်လည်းရှိ၏။ ။ဤကား၊ ဓမ္မနွယ ယောဇနာ။ ။အဗ္ဘုတပုဒ်၏အနက်ကို၊ အဗ္ဘုတပုဗ္ဗ ဘူတံဟု သဒ္ဒနီတိ ဖွင့်အပ်သည်နှင့်အညီ ယောဇနာ။ ။ထိုဂုဏာ နာမ်တို့တွင် သိဝံဟူသောပုဒ်ဖြင့်၊ ဘုရားအလောင်းတော် ငုံးမင်း ဖြစ်စဉ်ကာလ၊ အမွေးအတောင် မပေါက်မရောက်မှီ၊ တောမီးကြီး စွာ လောင်ရှိလာသောအခါ မိဘတို့သည် ထိတ်လန့်ကြောက်ရွံ့ ၍ ပျံသွားကြသည်ရှိသော်၊ ထိုငုံးသူငယ်သည် မပျံမသွားနိုင်သည် ဖြစ်၍၊ ရှေးဘုရားတို့၏ ဂုဏ်ကျေးဇူးကို အောက်မေ့ဆင်ခြင်၍၊ သီလသစ္စာ၊ ကိုယ်နှုတ်နှလုံး သုံးပါးတို့၏ စင်ကျယ်ခြင်း။သတ္တဝါ တို့အား သနားခြင်း ကရုဏာဟုဆိုအပ်သော လေးပါးအမှန်သစ္စာ ကို ပန်သဖြင့်၊ ကေန်မယှင်း တဆဲ့ခြောက်မင်း ပါယ်စားသော အရပ်ကို မီးရှောင်ကွင်း၍သွားလေလျှင်၊ ငုံးမင်းနှင့်တကွ များ စွာသောသတ္တဝါတို့သည် မီးဘေးမှ ချမ်းသာရကြရာ အရပ်ကဲ့သို့ လေးအသချေနှင့် ကမ္ဘာတသိန်း ကာလပတ်လုံး၊ ဆဲ့တပါးသော မီးတို့၏ ကင်းငြိမ်းရာအရပ်ကို တောင့်တ၍ ဖြည့်ကျင့်တော်မူသော ပါရမီတော် အာနုဘော် အစွမ်းကြောင့်၊ ပစ္ဆိမဘာဝ၊ ဤအခါ၌၊ အရိယာပုဂ္ဂိုလ် အပေါင်းနှင့်တကွ၊ ဘုရားကိုယ်တော်မြတ်သည်၊ ရသိတော်မူအပ်သော၊ ဆဲ့တပါးသော မီး၏ကင်းရာ၊ နိဗ္ဗာန်ပြည် ဌာန အရပ်တည်းဟု အဓိပ္ပါယ်ကို ပြတော်မူသည်။

အဗ္ဘုတံ ဟူသော ဂုဏ်ပုဒ်ဖြင့် နိဗ္ဗာန်ပေါ်လာသောအခါ ပရမတ္ထသဘာဝအားဖြင့် သာမညပေါ်လာသည်မဟုတ်၊ ထိုနိဗ္ဗာန်

၏ အာနုဘော်အားဖြင့် နတ်ဘုံ၊ ဗြဟ္မာဘုံတို့နှင့် မပြိုင်သာ မနှိုင်းသာသော ဘုံဗိမာန်အခြင်းအရာ အာနိသံသဖလနှင့်တကွ ထင်ရှားပေါ်လာ၏ဟူသော အဓိပ္ပါယ်ကိုမှတ်။ ဤသို့ နိဗ္ဗာန်၏ အထူး အဆန်း ပေါ်လာခြင်းသည်၊ နိဗ္ဗာန်၏ အစိန္တေယျဂုဏ်တမျိုးပင်ဖြစ်သည်။ ပုံကား- စကြာရတနာရထား ပေါ်လာသောအခါ၊ ရထားသက်သက်သာ ပေါ်လာသည်မဟုတ်၊ ထိုရထား၏ အာနုဘော်အစွမ်းဖြင့်၊ နန်းဘုံဗိမာန်နှင့်တကွ ပေါ်လာသကဲ့သို့ရှင်း။ ငှက်တို့ပေါ်လာသောအခါ၊ ငှက်ခန္ဓာကိုယ် သက်သက်သာ ပေါ်လာသည်မဟုတ် ဝိပါကဇိဒ္ဓိအားဖြင့်၊ အမွေးအတောင်တို့လည်းပေါက်ရောက်လာသကဲ့သို့ရှင်း၊ မှတ်အပ်၏။ ။နတ္ထိ၊ ဇာတိဇရာ ဗျာဓိမရဏဉ္စ၊ မဟာမုနေ၊ အဇရာ မရဏံပူရဂမိဿာမိအသင်္ခတံ။ ။ဤကား၊ လေးသောင်းကျော်၊ ဘော်ရွှေတို့ထိပ်တင်၊အရှင်သခင်မ၊ရာဟုလ မယ်တော်၊ ရဟန္တာ အရှင်မ၏ အပါဒါန်ပါဠိတော်၊ ၁၁-ကျောင်းပေ၌ချပ်။ ။မဟာမုနေ၊ ဘုရားမြတ်။ ယတ္ထ၊ အကြင်နိဗ္ဗာန်၌၊ ဇာတိဇရာ ဗျာဓိမရဏဉ္စ၊ ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်းသည်လည်း။ နတ္ထိ၊ မရှိ။ အဇရံ၊ အိုခြင်းလည်းမရှိသော။ အမရဏံ၊ သေခြင်းလည်းမရှိသော။ အသင်္ခတံ၊ အကြောင်းတရားလေးပါးတို့သည်၊ ပြုပြင်စီရင်ခြင်းလည်းမရှိသော။ တံပူရံ၊ ထိုနိဗ္ဗာန်ပြည်ကြီးသို့၊ ဂမိဿာမိ၊ သွားပါအံ့။ ။ဤကား၊ ဓမ္မန္ဒယ ယောဇနာ။ ။

ဤပါဠိ၌၊ ပူရံဟူသောပုဒ်ဖြင့်၊ နတ်ပြည်၊ ဗြဟ္မာပြည်တို့ဖြင့်-မပြိုင်သာ မနှိုင်းသာ၊ ထင်လာမြင်လာသော၊ အဆန်းတကျယ်သော နိဗ္ဗာန်ပြည်ကြီးသို့၊ ဘုရားတပည့်တော်မ သွားပါတော့အံ့

ဟူသော အဓိပ္ပါယ်ကိုပြသည်။ ။သဒ္ဓမ္မပဏ္ဏာရဆတ္တံ ဒတွာ ပါပနိဝါရဏံ၊ ပါပယိတွာ အဘာယပုရံ၊ နိဗ္ဗုတောသော သသာဝကော။ ။ဤကား ဗုဒ္ဓဝင်ပါဠိတော် ၁၀-ကျောင်းပေ ဂိချုပ်၌ လာသောဂါထာပါဠိ။ ။ပါပနိဝါရဏံ၊ အကုသိုလ် တည်းဟူသောနေပူကို တားမြစ်တတ်သော။ သဒ္ဓမ္မပဏ္ဏာရဆတ္တံ၊ အရဟတ္တဖိုလ် တည်းဟူသောထီးဖြူကို။ ဒတွာ၊ ပေးတော်မူ၍။မဟာဇနံ၊ ဗောဓေယျသတ္တဝါအပေါင်းကို။အဘာယပုရံ၊ ဘေးမရှိရာ နိဗ္ဗာန်ပြည်သို့။ဝါ၊မဂ္ဂင်ရှစ်ပါးတို့ဖြင့်ရောက်အပ်သော ဘေးတို့၏ကင်းရာနိဗ္ဗာန်ပြည်သို့။ ပါပယိတွာ၊ ရောက်စေတော်မူ၍။ ဝါ၊ ပို့ဆောင်တော်မူပြီး၍။ သော၊ ထိုကဿပ မြတ်စွာဘုရားသည်။ သသာဝကော၊ တပည့်သားသာဝကတော်နှင့်တကွ။နိဗ္ဗုတော၊ နိဗ္ဗာန်စံဝင်တော်မူလေပြီ။ ။ဤကား ဓမ္မန္တယ ယောဇနာ။

အဘာယပုရံဟူသော ပါဠိဖြင့်၊ နတ်ပြည်, ဗြဟ္မပြည်တို့ဖြင့်၊ မပြိုင်သာ မနိုင်းသာ၊ ထင်လာ မြင်လာသော၊ အဆန်းတကျယ်သော၊ နိဗ္ဗာန်ပြည်ကြီးတည်းဟု အဓိပ္ပါယ်ကို ပြတော်မူသည်။ မာပေသိ နဂရုတ္တမံ၊ သဒ္ဓမ္မပုရမုတ္တမံ။ ။ဤကား ဗုဒ္ဓဝင်သ ပါဠိတော် ၁၀-ကျောင်းပေကံချုပ်။ ။သတ္ထာ၊ လူနတ်တို့၏ဆရာဖြစ်တော်မူသော။သောမုနိ၊ ထိုသုမဏာမြတ်စွာဘုရားသည်။ သဒ္ဓမ္မပုရံ၊ ဗောဓိပက္ခိယ၊ တရားရတနာတို့ဖြင့်ပြည့်သော။ဥတ္တမံ၊မြတ်သော။ နာဂရံ၊ အရိယာပုဂ္ဂိုလ်တို့၏တည်ရာ၊ အာရုံပြုရာ နေရာဖြစ်သော နိဗ္ဗာန်မြို့ကြီးကို။ ဗောဓေယျနံ၊ ကျွတ်ထိုက်ကုန်သော သတ္တဝါတို့အား။ မာပေသိ၊ မျက်မှောက်ထင်ထင် မြင်စေတော်မူပြီ။ ။ဤကား ဓမ္မန္တယ ယောဇနာ။

ပဋိဝိဒ္ဓဓမ္မသဘာဝါနံ သေခါသေခါနံ အရိယပုဂ္ဂလာနံ ပတိဋ္ဌာန ဂေါစရနိဝါသနဋ္ဌာနတ္တေန နိဗ္ဗာနံ နဂရန္တိ ဝုစ္စတိ။ ဤကား ဗုဒ္ဓဝင်အဋ္ဌတ္ထာ ၁၀-ကျောင်း ပေနိချုပ်၌ လာသောပါဌ်။ ။ ပဋိဝိဒ္ဓဓမ္မသဘာဝါနံ၊ ထိုးထွင်း၍ သိအပ်သော တရားသဘော ရှိကုန်သော။ သေခါသေခါနံ၊ သေက္ခ အသေက္ခ ဖြစ်ကုန်သော။ အရိယပုဂ္ဂလာနံ၊ အရိယာပုဂ္ဂိုလ်တို့၏။ ပတိဋ္ဌာနဂေါစရ နိဝါသန ဋ္ဌာနတ္တေန၊ တည်ရာဟူသောအနက်၊ အာရုံပြုရာဟူသော အနက်၊ နေရာဟူသော အနက်ကြောင့်။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ နဂရန္တိ၊ နဂရဟူ၍၊ ဝုစ္စတိ၊ ဆိုအပ်၏။ ။ဤကား ဓမ္မနွယ ယောဇနာ။

ဤပါဌ်ဖြင့် ထိုးထွင်း၍ သိအပ်သော တရားသဘော ရှိကုန်သော။ သေက္ခ အသေက္ခ ဖြစ်ကုန်သော အရိယာပုဂ္ဂိုလ်တို့၏ မွေ့လျော် စံပျော်ရာဖြစ်သောအနက်ကြောင့်။ တည်ရာ အာရုံပြုရာ ဖြစ်သော၊ နတ်ပြည် ဗြဟ္မပြည်နှင့်၊ မပိုင်သာ မနိုင်းသာ၊ ထင်လာ မြင်လာသော၊ အဆန်းတကျယ်သော နိဗ္ဗာန်ပြည်ကြီးကို၊ နဂရ မြို့ကြီးဟူ၍ဆိုသည်။ ဤနိဗ္ဗာန်ကို၊ ပုရံဟူ၍၎င်း။ နဂရံဟူ၍၎င်း။ ဟောတော်မူအပ်သော ဘုရားရဟန္တာတို့၏ စကားသည်၊ အနက် ဒွိဗ်မရှိသော။ ဝဥ္ဇျာပုတ္တော ခံပုပ္ဖံ ပိလန္ဓိတွာ၊ ဟူသောစကား ကဲ့သို့မမှတ်လင့်။ ။ဝဥ္ဇျာပုတ္တော၊ မိန်းမမြုံ့သားသည်။ ခံပုပ္ဖံ၊ ကောင်းကင်ပန်းကို။ ပိလန္ဓိတွာ၊ ပန်၍။ ဤကား ယောဇနာ။ ။ မဂ်ဖိုလ် ပစ္စဝေက္ခဏာဉာဏ်တို့ဖြင့်၊ ရှုမြင်အပ်သော နိဗ္ဗာန်သည်၊ နတ်ပြည် ဗြဟ္မပြည်၌ ဗိမာန် ဘုံနန်းကြီးကဲ့သို့၊ ထင်လာ မြင်လာသော အခြင်းအရာ သတိသဘောကိုစွဲ၍၊ ပုရံနဂရံဟု ဟောတော်မူသည်ဟုမှတ်။ ဣဒံ ပစ္ဆိမကံမယှံ၊ လောကနာထဿ ဒဿနံ၊

နပုနေ့ာအမတာကာရံ ပဿိဿာမိ မုခံတဝ။ ။ဤကား မိန့်တော် ဂေါတမီ အပါဒါန် ပါဠိတော် ၁၁-ကျောင်း ပေဠိချုပ်။

လောကနာထဿ၊ လူသုံးပါးတို့၏ ကိုးကွယ်ရာ ဖြစ်တော်မူသော။ သားတော်သခင် ဘုရားရှင်အား။ မယ့်၊ မျိုးမြတ်သာကီ ဂေါတမီဟု- ကြူးချီသည့်၊ မယ်မယ်ငါ၏။ ဣဒံဒဿနံ၊ ဤယခု ဖူးမြင်ရခြင်းသည်။ ပစ္ဆိမကံ၊ အဆုံးစွန်သော ဖူးမြင်ရခြင်း တည်း။ မဟာမုနေ၊ ဘုရားမြတ်။ ပုနေ-ပုန၊ တဖန်။ အဟံ၊ မယ် မယ်ငါသည်။ တဝ၊ လူသုံးပါးတို့၏ထိပ်တင်၊ သားတော်ရှင်၏။ အမတာကာရံ၊ အမြိုက်အခြင်းအရာရှိသော။ ဝါ၊ မသေသော အခြင်းအရာ သဏ္ဌာန်ရှိသော။ မုခံ၊ သုံးဆဲ့နှစ်ဖြာ လက္ခဏာ အလင်္ကာတို့ဖြင့် တံဆာဆင်အပ် မြတ်သော ရွှေမျက်နှာတော်ကို။ နပဿိဿာမိ၊ မဖူးမြင်ရတော့အံ့။ ။ဤကား၊ မမ္ဗန္ဓယယော ဇနာ။

ဤပါဠိဖြင့်။ ပစ္စက္ခဘဝ၊ ဤကာလကိုသာ ရည်မှတ်၍ ဆိုအပ် သည်။ နိဗ္ဗာန်သို့ ကြွရောက်သောအခါကို ရည်မှတ်၍ မဆိုအပ်၊ ဤကာလမှတပါး နောက်တဖန် ဤပစ္စက္ခဘဝ၌ မဖူးမြင်ရပြီ။ နိဗ္ဗာန်သို့ ရောက်သောအခါမှသာ သုံးလူ့ထိပ်တင် သားတော်ရှင် ကို ဖူးမြင်ရတော့မည်ဟုဆိုလိုသည်။ ဤမှတပါး ဤကဲ့သို့သော အရာတို့၌လည်း ဤနည်းကိုမှီး၍သိ။ ။ထိုနိဗ္ဗာန်ပြည်ကြီးသို့ ကြွသွားတော်မူသော မြတ်စွာဘုရားကိုရင်း။ ရဟန္တာတို့ကိုရင်း။ သေသည်ဟူ၍ မဆိုအပ် မဆိုထိုက်။ အကြောင်းမှာ အရဟတ္တမဂ် အရဟတ္တဖိုလ်တို့ဖြင့် သေခြင်း၏အကြောင်းကို ကောင်းစွာမယှဉ်း

အကြွင်းမဲ့ ပါယ်အပ်ပြီးသည်၏ အဖြစ်ကြောင့်ရင်း။ ထို ဘုရား ရဟန္တာတို့၏ စုတိသောအခါ၌။ ကံ,ကမ္မနိမိတ်၊ ဂတိနိမိတ်သုံးပါး တို့တွင် တပါးပါးကို အာရုံပြုသော။ မရဏာသန္နဇော မရှိခြင်း ကြောင့်ရင်း၊ သေသည်ဟူ၍ မဆိုအပ် မဆိုထိုက်။ ရဟန္တာတို့မှာ ဝိပဿနာအာရုံ စသည်ဖြင့်၊ ထင်တိုင်းသော အာရုံကိုသာ အာရုံ ပြု၍ဇောဖြစ်သည်။ မရဏာသန္နဇောဟု မဆိုအပ်။ မရဏာ သန္န ဇောဟူသည်၊ ကံကမ္မနိမိတ် ဂတိနိမိတ် သုံးပါးတို့တွင် တပါးပါး ကိုအာရုံပြုမှ မရဏာသန္နဇောဟုဆိုအပ်သည်။ ပုံကား ဘုရား၌ကဲ့ သို့မှတ်။ ဘုရား ရဟန္တာတို့၌၊ မရဏာသန္နဇောဟု ဆိုခြင်းသည်၊ ရုဠှီစကားမျှသာဖြစ်သည်။ အနွတ္ထစကားမဟုတ်။သမုစ္ဆေဒမရဏ အားဖြင့်သာ ဘုရားရဟန္တာတို့မှ ပဋိသန္ဓေနှင့်တူသော အာရုံရှိ သည်ဖြစ်၍၊ စုတိစိတ်ဖြစ်သည်။ သမုစ္ဆေဒမရဏဟူသည်၊ သေ ခြင်းကို အကြွင်းမဲ့ ပါယ်ဖြတ်ခြင်းကို ဆိုသည်။ သမုစ္ဆေဒမရဏ ဟူသောပုဒ်ကို၊မရဏဿသမုစ္ဆေဒံ သမုစ္ဆေဒမရဏံဟု၊ ဝစနတ်ပြု။ မရဏဿ၊သေခြင်းကို။ သမုစ္ဆေဒံ၊ အကြွင်းမဲ့ ပါယ်ဖြတ်ခြင်း။ သမုစ္ဆေဒမရဏံ၊ သေခြင်းကိုအကြွင်းမဲ့ ပါယ်ဖြတ်ခြင်း။ စုတိစိတ် ကိုရစေ၊ မြတ်စွာဘုရားသည်။ အနုလောမ ပဋိလောမအားဖြင့်၊ ကုဋေနှစ်ဆဲ့ လေးသိန်းကုန်သော ဈာန်သမာပတ်တို့ကိုဝင်စား၍၊ စတုတ္ထဈာန်မှထ၍ ဈာနင်တို့နှင့်တကွ၊ နိဗ္ဗာန်ကိုတပေါင်းတည်း၊ အာရုံပြုဆင်ခြင်၍ ဘဝင်စိတ်ဖြင့် ပရိနိဗ္ဗာန်ပြုတော်မူသည်။ ။

စတုတ္ထဈာနာ ဝုဋ္ဌဟိတွာ သမနန္တရာ ဘဂဝါ ပရိနိဗ္ဗာယိ။ ။

ဤကား- သုတ်မဟာဝါပါဠိတော် ၉-ကျောင်း ပေစုချပ်။ ။

စတုတ္ထဈာနာ၊ စတုတ္ထဈာန်မှ။ ဝုဋ္ဌဟိတွာ၊ ထ၍။ သမနန္တရာ၊ ထသည်၏အခြားမဲ့၌။ ဈာနင်္ဂါနိစ၊ ဈာနင်တို့ကိုရင်း။ သန္တိစ၊

နိဗ္ဗာန်ကိုရင်း။ ကေတော၊ တပေါင်းတည်း။ အာရဗ္ဘ၊ အာရုံအား ဖြင့်၊ စွဲမှတ်ဆောက်တည် ရည်မှတ်၍။ ဘာဂဝါ၊ မြတ်စွာဘုရား သည်။ ပရိနိဗ္ဗာယိ၊ ပရိနိဗ္ဗာန်ပြုတော်မူ၏။ ။ဤအရာ၌ မြတ် စွာဘုရားသည်၊ တပါးသော ပစ္စေကဗုဒ္ဓါ သာဝကတို့နှင့်မတူ၊ ဈာနင်နှင့်တကွ၊ နိဗ္ဗာန်ကိုတပေါင်းတည်း အာရုံပြုနိုင်ခြင်းသည်၊ ဘုရား၏ အစိန္တေယျ ဂုဏ်တမျိုးပင်ဖြစ်သည်။ ။ဤကား ဆို လတ္တံ့သော အဋ္ဌကထာပါဌ်တို့နှင့် အညီ၊ ယောဇနာအပ်သည်။ ဤယောဇနာ၀ယ်၊ ဈာနင်တို့နှင့်တကွ၊ နိဗ္ဗာန်ကိုတပေါင်းတည်း အာရုံပြုသည် ဟူရာ၌၊ ဈာနင်္ဂါနိ ပစ္စဝေက္ခိတ္ဝာဟူ၍၊ လာသော အဋ္ဌကထာပါဌ်။အနေဇောဟိ တဏှာသင်္ခါတာယ ဧဇာယ အဘာ ဝေန အနေဇော သန္တိမာရဗ္ဘာတိ အနုပါဒိသေသံ နိဗ္ဗာနံ အာရဗ္ဘ ပဋိစ္စသန္ဓာယ၊ ယံကာလမကရိတိယံ ကာလံအကရိဣဒံဝုတ္တံ ဟော တိ ဟူ၍၊ အနုရုဒ္ဓါထေရ်ဂါထာ အဖွင့် ၉-ကျောင်းဖပ ပေါ်ချပ် ၌လာသော၊ သုတ်မဟာဝါအဋ္ဌကထာပါဌ်။ဤပါဌ်တို့ကိုထောက် ၍ရင်း။ ။ကရုဏာဝိယ သတ္တေသု၊ ပညာယဿမ ဟေသိနော သဗ္ဗေသုဧ ယျခေမ္မေသု၊ ယထာရုစိ ပဝတ္တိတ္တဟူ၍လာသော အဋ္ဌ သာလိနီ ပဏာမဂါထာကိုထောက်၍ရင်း။ ရှေးသုတ်မဟာဝါပါဌ် တော်၌ ဈာန်အင်္ဂါနှင့်တကွ၊ နိဗ္ဗာန်ကို တပေါင်းတည်း အာရုံပြု သည်ဟု အနက်ယောဇနာခဲ့သတည်း။

ဈာနင်္ဂါနိ၊ဈာနင်တို့ကို။ ပစ္စဝေက္ခိတ္ဝာ၊ ဆင်ခြင်၍။ ။အနေ ဇောတိ၊ ဟူသည်ကား။ တဏှာသင်္ခါတာယ၊ တဏှာဟု ဆိုအပ် သော။ ဧဇာယ၊ လောဘ၏။အဘာဝေန၊မရှိသောကြောင့်။အနေ ဇော၊ တဏှာလောဘမရှိသော။ သောမုနိ၊ထိုမြတ်စွာဘုရားသည်။

အန္တိမာရဗ္ဘာတိဟူသည်ကား။ အနုပါဒိသေသံ၊ ကမ္မဇရုပ်အကြွင်း
မရှိသော။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ပဋိစ္စ၊
စွဲ၍။ သန္ဓာယ၊ ရည်၍။ ယံကာလမကာသိတိ ဟူသည်ကား၊ ယံကာ
လံ၊ အကြင်စုတိစိတ်ကို။ အကာရိ၊ ပြုတော်မူ၏။ ဣဒံသော
အဓိပ္ပါယော၊ ဤသို့သောအဓိပ္ပါယ်ကို၊ ဝုတ္တံ ဝုတ္တော၊ဆိုလိုသည်။
ဟောတိ၊ ဖြစ်၏။ ဤကား ယောဇနာ။ ။ယသ္မိမဟေသိနော၊
အကြင်မြတ်စွာဘုရား၏။ ကရုဏာ၊ မဟာကရုဏာတော်သည်။
သဗ္ဗေသု၊ သုခိတ-ဒုက္ခိတ သတ္တဝါတို့၌။ ယထာရုစိ၊ အစိတ်အ
ပေါင်းအားဖြင့်၊ အလိုရှိတိုင်း။ ဝါ၊ အလိုတော်အားလျော်စွာ၊
ဝါ၊ အလိုတော်ကိုလွန်မူ၍။ ပဝတ္တိတ္ထာဝိယ၊ ဖြစ်လေ၏သို့။
ပညာပိ၊ သဗ္ဗညုတညာဏ်ဖြစ်သောပညာသည်လည်း။ သဗ္ဗေသု၊ ခပ်သိမ်းကုန်
သော။ ဉေယျဓမ္မေသု သင်္ခါရ,ဝိကာရ,လက္ခဏာ,နိဗ္ဗာန်,ပညတ်
ဟု ဆိုအပ်ကုန်သော။ ဉေယျဓံ တရားငါးပါးတို့၌။ ယထာရုစိ၊
အစိတ်အပေါင်းအားဖြင့် အလိုတော်ရှိတိုင်း။ ဝါ၊ အလိုတော်
အားလျော်စွာ။ ဝါ၊အလိုတော်ကိုလွန်မူ၍။ ပဝတ္တိတ္ထ၊ဖြစ်တော်
မူလေပြီ။ ။ဤကား ယောဇနာ။ ပဋိသန္ဓိ ဘဝင်္ဂ တထာစဝန
မာနသံ၊ ဧကာမဝ တထေဝေကာ၊ ဝိသယဉ္စာဂဇာတိယံ။ ။
ဤကား အဘိဓမ္မတ္ထသင်္ဂဟ အဋ္ဌကထာပါဠိ။ ။ဧကဇာတိယံ၊
တခုဘည်းသော ဘဝ၌။ ပဋိသန္ဓိဉ္စ၊ ပဋိသန္ဓေ စိတ်သည်၎င်း။
ဘဝင်္ဂ၊ ဘဝင်စိတ်သည်၎င်း။ တထာ၊ ထိုအတူ။ စဝနမာနသဉ္စ၊
စုတိစိတ်သည်၎င်း။ ဧကမေဝ၊ ဘုမ္မိဇာတိ သမ္ပယုတ္တ ဓမ္မ သင်္ခါရ
အားဖြင့်တူးသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ တထေဝ၊ ထိုအတူ
သာလျှင်။ ဧကောဝိသယဉ္စ၊ တူသောအာရုံရှိသည်လည်း။ ဟောတိ၊
ဖြစ်၏။ ။ဤကား ယောဇနာ။

ဤပါဠိကိုထောက်၍၊ ဘုရား ရဟန္တာတို့၏ စုတိစိတ်သည်၊ တခုတည်းသောဘဝ၌၊ ပဋိသန္ဓေနှင့်တူသော အာရုံကိုသာလျှင် အာရုံပြုသည်ဟု ဆိုအပ်သည်။ ထိုနိဗ္ဗာန်၌တည်နေသော၊ နိဗ္ဗာန်သခင် ဘုရားရှင်ကိုလည်း ဖြည့်ကျင့်တော်မူအပ်သော ပါရမီတော်တို့၏ရင်း။ ပစ္ဆိမဘဝ၊ ဤအခါ၌ ရသိတော်မူအပ်သော အရဟတ္တမဂ် အရဟတ္တဖိုလ်တို့၏ရင်း။ အာနိသံသဖလ ဖြစ်သော။ ကံ၊ စသော အကြောင်းတရား လေးပါးတို့၏ ပြုပြင်စီရင်ခြင်းမှ ကင်းသော၊ အမတနာမ်ဝိသေသ ရုပ်ဝိသေသ အထူးဟု မှတ်အပ်၏။ ကျမ်းဂန်တို့၌ကား၊ နာမ်ဝိသေသ၊ရုပ်ဝိသေသဟု နိတတ္ထတိုက်ရိုက်အားဖြင့် အထူးမဆို၊ မဆိုသော်လည်း၊ ဤသို့သော နာမ်ဝိသေသ၊ ရုပ်ဝိသေသ အထူးကိုယူမှ၊ ဥစ္ဆေဒဒိဋ္ဌိ၊ နတ္ထိကဒိဋ္ဌိ၊ အကြိယဒိဋ္ဌိ၊အဟေတုကဒိဋ္ဌိ၊ သဿတဒိဋ္ဌိတို့မှ ကင်းလွတ်မည်။ ကင်းလွတ်ဟန်ကား၊ ဤအရာ၌ နိဗ္ဗာန်လည်း မရှိ၊ ဘုရားလည်းမရှိဟုဆိုသော်၊ ဥစ္ဆေဒဒိဋ္ဌိ၊ နတ္ထိကဒိဋ္ဌိသို့ သက်ဝင်ရာသည်။ လောက၌ ထင်ရှားရှိသော ဘုရားပင် နိဗ္ဗာန်၌ဖြစ်၏ဟုဆိုသော်၊ သဿတဒိဋ္ဌိသို့ သက်ဝင်ရာသည်။ လောက၌ဘုရားမရှိ၊ နိဗ္ဗာန်၌သာ ထာဝရ ဘုရား တဆူတည်း အမြဲရှိသည်ဟုယူသော်၊ အဟေတုကဒိဋ္ဌိ၊ အကြိယဒိဋ္ဌိသို့ သက်ဝင်ရာသည်။ ဤဒိဋ္ဌိတို့မှကင်းလျှင် အမတ နာမ်ဝိသေသ, ရုပ်ဝိသေသ အထူးအနက်ထွက်၏ဟူ၍မှတ်။ ။ဤကား သဘာဝယုတ္တိတည်း။ ။အရိယပုဂ္ဂလာနံ ပတိဋ္ဌာနဂေါစရ နိဝါသနဋ္ဌာနတ္တေန ဟူသော ပါဠိကို ထောက်သဖြင့်လည်း။ အဝိနာဘာဝနည်းအားဖြင့် နိဗ္ဗာန် တည်းဟူသောဋ္ဌာနနှင့် ဘုရား တည်းဟူသောဋ္ဌာနီသည် မကင်းရာ မကင်းထိုက်သောကြောင့်။ နိဗ္ဗာန်သခင် ဘုရားရှင်ကိုလည်း၊ နာမ်ဝိသေသ, ရုပ်ဝိသေသ ဋ္ဌာနီဟု

သိအပ်၏။ ။ဤကား အာဂမယုတ္တိတည်း။ ။ဤနာမ်ဝိသေသ ရုပ်ဝိသေသ၏အဖြစ်သည်၊ ဆိုလတ္တံ့သော၊ တိလောက စကြာမင်း၏။ အာဂါဒါနိ ပါဠိအဋ္ဌကထာတို့ဖြင့်လည်း ထင်ရှားလတ္တံ့။ အမတ နာမ်ဝိသေသ, ရုပ်ဝိသေသ အထူးဖြစ်၏ဟုဆိုရာ၌။ စိတ္တံ, စေတသိကံ, ရူပံ,နိဗ္ဗာနံ ဟူ၍သာလျှင်၊ ပရမတ္ထတရား လေးပါးသာကျမ်းဂန်၌ဆိုသည်။ ငါးပါးဟူ၍မဆို၊ ထိုဘုရားသည် နိဗ္ဗာန်၌အမတနာမ်ဝိသေသ, ရုပ်ဝိသေသဟုဆိုသော် ပရမတ္ထတရား ငါးပါးဖြစ်ရာသည် မဟုတ်လောဟုဆိုငြားအံ့၊ ပါးငါးမဟုတ်နိဗ္ဗာန်၌ဘုရားကိုမရေတွက်၍ လေးပါးပင်ဟုဆိုအပ်၏။ ပုံကား ကမ္ဘာဦးကာလ၌၊ နေ-လ တို့ ပေါ်လာသောအခါ၊ နတ်သားနှင့်တကွပေါ်လာသည်။ ထိုသို့နတ်သားနှင့်တကွ ပေါ်လာသော်လည်း၊ နတ်သားတို့၏အသီးအခြား မရေတွက်မူ၍၊ နေဗိမာန်, လဗိမာန်၌သွင်း၍၊ နေဗိမာန်,လဗိမာန် ပေါ်လာသည်ဟုခေါ်ဝေါ်သကဲ့သို့၊ နိဗ္ဗာန်သို့ရောက်သော နာမ်ဝိသေသ, ရုပ်ဝိသေသဖြစ်သော ဘုရားကိုလည်း၊ ပဋိသန္ဓေနေခြင်း စသည် မရှိသောကြောင့်။ နိဗ္ဗာန်၌သွင်း၍ နိဗ္ဗာန်ဟုခေါ်ဝေါ်သည်။ ဘုရားပျောက်တော့သည်သာဟု မမှတ်ကောင်း။ ရာဇာအာဂစ္ဆတိကဲ့သို့၊ ဂဗ္ဘာနနည်း အဝုတ္တသိဒ္ဓိနည်းဟုမှတ်။ နိဗ္ဗာန်လည်းမပျောက်၊ ဘုရားလည်းမပျောက်၊ အမြဲတည်ရှိ၏ဟုမှတ်လေ။ ထိုဘုရားကို အရူပဘုံသားတို့ကဲ့သို့၊ ရုပ်မရှိ နာမ်ချည်းသာ ရှိ၏ ဟူ၍လည်း မမှတ်အပ်။ အသညသတ်ဘုံသားတို့ကဲ့သို့၊ နာမ်မရှိ ရုပ်ချည်းသာ ရှိ၏ဟူ၍လည်းမမှတ်အပ်။ နိဗ္ဗာန်သို့ ရောက်သောဘုရားသည်၊ အလိုတော်ရှိတိုင်း ဖြစ်စေနိုင်၏ဟုမှတ်။ ယင်းသို့ အလိုတော်ရှိတိုင်း ဖြစ်စေနိုင်ခြင်းသည် ဘုရား၏ အစိန္တေယျဂုဏ်တမျိုးပင်ဖြစ်၏။ နိဗ္ဗာန်၏အစိန္တေယျ

ဂုဏ်ဟူရာ၌၊ ရှင်ပါကူလ၏ ငါးကြီးဝမ်းမှ မသေမကြေ ပေါ်လာ ရာ၌ရင်း။ သံကိစ္စသာမဏေ၊ ရှင်ဒဗ္ဗတို့၏ အမိသေ၍သင်္ဂြိုဟ်သော အခါ မီးပုံထဲ၌ အမိဝမ်းမှ မသေမကြေ ပေါ်လာရာ၌ရင်း။ ထိုဘဝ၌ဖြစ်လတ္တံ့သော အရဟတ္တမဂ် အရဟတ္တဖိုလ် နိဗ္ဗာန်တို့၏ အစိန္တေယျဂုဏ်အာနုဘော်ဟူမှတ်။ နိဗ္ဗာန်၏ဂုဏ်ကိုမဆိုထားဘိ၊ ပရိယတ္တိသည်လည်း၊ အစိန္တေယျဂုဏ်ရှိသည်။ ရှိကြောင်းကား သဘော်သူကြီးတယောက်သည်၊ ကေသာလောမာစသော ဒွတ္တိံသ ကမ္မဋ္ဌာန်းကို နေ့တိုင်းမပြတ် သင်အံရွတ်ဖတ် သရဇ္ဈာယ်သည်။ ထိုသဘော်သူကြီးကို ခိုးသားတို့က သဘော်ထက်သို့တက်၍ သတ် အံ့ဟူ၊ တက်အံ့သောနေရာကို ရှာသည်ရှိသော်၊ သင်းဘောတစင်း လုံး၌ သံကွန်ချာအုပ်၍ထား သကဲ့သို့ထင်သည်။ ယင်းသို့ ထင်ခြင်း ကိုရင်း။ မုဆိုးတယောက်သည်၊ သားအမဲတို့ကိုဆောင်၍ ရွာ၌ ရောင်းချသောအခါ၊ ရွာသားတို့သည် ဗုဒ္ဓံသရဏံဂစ္ဆာမိ စသည် ဖြင့် သရဏဂုဏ်ရွတ်သံကို ရင်းကြားနာရ၍၊ တရံရောအခါ တော အရပ်တွင် တခုသောချုံအတွင်း၌ သားအမဲတို့ကို ပြန်အံ့ဟု မျှား ကို ငင်သည်ရှိသော်၊ ချုံအထက်၌နေသော နဂါး၏ပိုက်ကို ထိုးမိ သဖြင့် နဂါးကဒေါသဖြစ်၍ မုဆိုးကိုပေါက်သတ်အံ့သောအခြင်း အရာကိုပြုသည်ရှိသော်၊ မုဆိုးက အလန့်တကြား ရွာသူတို့ ရွတ်သံ ကြားဘူးသော ဗုဒ္ဓံသရဏံဂစ္ဆာမိကိုရွတ်မိ၍ နဂါးက ဤသူသည် ရတနာသုံးပါးကို ဆည်းကပ်သောသူတည်းဟုထိတ်လန့်ကြည်ညို၍ ရတနာပန်းသုံးခိုင်ဖြင့် ပူဇော်သည်ကိုရင်း။ လှည်းအောက်၌ အိပ် ပျော်နေသောသူငယ်ကို စားအံ့ဟုဘီလူးတယောက်ကခြေထောက် ကိုဆွဲသည်ရှိသော်၊ နမောဗုဒ္ဓဿဟု သူငယ်ကယောင်ယန်း၍ ရွတ် သောကြောင့်၊ ဘီလူးသည် ထိတ်လန့်၍ ထိုသူငယ်အား၊ သာဝတ္ထိ

ပြည် ပသေနဒီ ကောသလမင်းကြီး၏ စာ အံ့ဟု ပြုပြင်စီရင်ထား
သော ရွှေခွက်နှင့်ထမင်းကို ဆောင်ယူ၍ သူငယ်၏ အနီးအပါး၌
ချထားခဲ့သည်ကိုရင်း။ ဘိက္ခုနီတို့ မေးထားသော ဗုဒ္ဓရက္ခိတ
မည်သော ကျေးငယ်တကောင်ကို စွန်ချီ၍သွားသော်၊ ထိုကျေး
သူငယ်က ရှင်မတို့ ကယ်ပါယူပါဟု ဟစ်အော်လေ၏။ ငါတို့မကယ်
နိုင်ပြီ ငါတို့သင်ထားသော အဋ္ဌိကမ္မဋ္ဌာန်းကိုသာရွတ်ပါဟုဆိုသည်
ဖြစ်၍၊ ကျေးသူငယ်က သတိရ၍ အဋ္ဌိ အဋ္ဌိဟု ရွတ်သည်ရှိသော်
သိန်းစွန်သည် နှလုံး တုံလှုပ်သည်ဖြစ်၍ လွတ်သောကြောင့် ချမ်း
သာရသည်ကိုရင်း။ ပရိယတ္တိဓမ္မ၏ အစိန္တေယျဂုဏ်ဟုမှတ် မြတ်
စွာ ဘုရားသည် လောက၌ ဖြစ်ပေါ်ကာလကပင် ရူပရူပ ဝိလာသ
ရူပအစိန္တေယျ၊ ဉာဏဉာဏဝိလာသ ဉာဏအစိန္တေယျ။ ဣဒ္ဓိဣဒ္ဓိ
ဝိလာသ ဣဒ္ဓိအစိန္တေယျ။ ဝစန ဝစန ဝိလာသ ဝစန အစိန္တေယျ
အားဖြင့်၊ အစိန္တေယျဂုဏ်လေးပါးရှိသည်။ နိဗ္ဗာန်သို့ရောက်သော
အခါကား၊ အတိုင်းထက်အလွန်ပင် ဂုဏ်ရှိ၏ဟုမှတ်။ ဤဂုဏ်
လေးပါးသည်လည်း၊ ဆိုလတ္တံ့သော စကြာမင်း အပါဒါန်၌ထင်
ရှားလတ္တံ့။ ထိုနိဗ္ဗာန်သခင် ဘုရားရှင်၌ ဂုဏ်မရှိဟုဆိုခဲ့သော်၊
နိဗ္ဗာန်သို့ ကြွရောက်တော်မူသောဘုရားအား၊ ကိုးကွယ်မှီဝဲ ဆည်း
ကပ်ကြသောသူတို့အား၊ သရဏဂုဏ် မတည်ရာ။ ဧဝံ အစိန္တိယာ
ဗုဒ္ဓါ ဟု၊ ဟောတော်မူအပ်သောဒေသနာတော်သည်လည်း၊နိရတ္ထ
က ဖြစ်ခဲ့ရာ၏။ နိရတ္ထကဖြစ်ခဲ့သော်၊ နိဗ္ဗာန်သို့ ကြွတော်မူသော
ဘုရားအား ကိုးကွယ်မှီဝဲ ဆည်းကပ်ကြသောသူတို့အား၊ အစိန္တိတ
အကျိုးအဘယ်သို့ ဖြစ်တော့အံ့နည်းဟု မိစ္ဆာဉာဏ်ဖြစ်ရန်ရှိသည်။
အစိန္တိယေပသန္နာနံ ဝိပါကောဟောတိ အစိန္တိယောဟု ဟော
တော်မူသော စကားတော်သည်လည်း၊ နိရတ္ထက ဒေါသ ဖြစ်ခဲ့

ရာ၏။ ထိုနိဗ္ဗာန်သခင်အရှင်ဖြစ်သောဘုရားကို။ အမတနာမ်ဝိသေသ, ရှင်ဝိသေသနို့၍၊ ပုထုဇဉ်တို့သည် မမြင်နိုင်၊ အရိယာပုဂ္ဂိုလ်တို့သည်သာလျှင် မြင်အပ် မြင်ထိုက် မြင်နိုင်သည်။ ပုံကား၊ လူတို့၏အနီးအပါး၌နေကုန်သော ဘုမ္မစိုး ရုက္ခစိုးစသော နတ်တို့၏ ကိုယ်သဏ္ဍာန်ကိုရင်း။ ဘုံဗိမာန်ကိုရင်း။ မပြမဖန်တည်းသဲ မမြင်မသိနိုင်။ ပြဖန်တည်းမှ၊ မြင်ရ သိရသကဲ့သို့၊ နိဗ္ဗာန်သခင် ဘုရားရှင်ကိုလည်း ဘုန်းကံရှိသောသူတို့က မြင်လိုသိလိုသည်ဟု တောင့်တမှ ဖန်တည်း၍ပြသဖြင့် မြင်ရ သိရသည်။ မြင်ရသိရကြောင်းကိုအတီတေသဗ္ဗဗုဒ္ဓစ၊ သသံဃေ လောကနာယကေ၊ ပကတိ ဝဏ္ဏရူပေန နိမ္မိနိတွာ သသာဝကေ၊ ဧသနုဒ္ဒါရေန ပဝိသိတွာ၊ သဗ္ဗေဗုဒ္ဓါသသာဝကာ၊ သဗ္ဗသောဏ္ဏာယေ ဝိဠ္ဌေ၊ နိသိန္နာ အရိယမင်္ဂလာဟူသော၊ အပါဒါနိ ပါဠိတော် ၁၁-ကျောင်းပေ ကာချုပ်၌လာသော ပါဠိကိုထောက်၍ သိအပ်၏။ ။အတီတေ၊ အတိတ်ကာလ၌။ဇာတေ၊ ပွင့်တော်မူကုန်ပြီးသော။ သသံဃေ၊သာဝက အပေါင်းနှင့်တကွကုန်သော။ လောကနာယကေ၊ လူသုံးပါးတို့၏ ကိုးကွယ်ရာ ဖြစ်တော်မူကုန်သော။ သဗ္ဗဗုဒ္ဓစ၊ အလုံးစုံသော ဘုရားတို့ကိုလည်း၊ တိလောကဿ၊ တိလောက စကြာမင်း၏။ မနောပဏိဓိယာ၊ မနောပဏိဓိဖြင့်။ ဟရိဘတ္တာ၊ ပင့်ဆောင်အပ်ကုန်သည်၏အဖြစ်ကြောင့်၊ ပကတိဝဏ္ဏရူပေန၊သဘောအားဖြင့် မရှေ့၊ ပြကတေ့အမှန်၊ မဖေါက်ပြန်သော အဆင်းရှိသော သဏ္ဍာန်ဖြင့်။ သသာဝကေ၊ သာဝကပစ္စေကဗုဒ္ဓါဖြင့် တကွကုန်သော၊ ဗုဒ္ဓေ၊ ပစ္စေကဗုဒ္ဓါတို့ကိုလည်း။ ပကတိ ဝဏ္ဏရူပေန၊ သဘောအားဖြင့်မရှေ့၊ ပြကတေ့အမှန်၊ မဖေါက်ပြန်သော အဆင်းရှိသော သဏ္ဍာန်ဖြင့်။ ယေစဗုဒ္ဓါ၊ အကြင် သမ္မာသမ္ဗုဒ္ဓါ၊

မည့်ရထင်ရှား မြတ်ဘုရားတို့သည်ရှင်း။ ယေစဗုဒ္ဓါ၊ အကြင်ပစ္စေ
က ဗုဒ္ဓါတို့သည်ရှင်း။ ယထာရဟံ၊ ထိုက်သည်အားလျော်စွာ။
နိမ္မိနိတွာ ဖန်တည်း၍။ ယေနဒ္ဓါရေန၊ အကြင် တံခါးဖြင့်။ ပါ
သာဒေါ၊ ပြာသာဒ်သို့။ ပဝိသိတဗ္ဗော၊ ဝင်အပ်၏။ တေနဒ္ဓါရေန၊
ထိုတံခါးဖြင့်။ ပဝိသိတွာ၊ ဝင်ကုန်၍။ အရိယမဏ္ဍလာ၊ အရိယာ
အပေါင်းဖြစ်ကုန်သော။ သသာဝကာ၊ ပစ္စေက ဗုဒ္ဓါသာဝကနှင့်
တကွဖြစ်ကုန်သော။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ တေဗုဒ္ဓါ၊ ထိုသမ္မာ
သမ္ဗုဒ္ဓဘုရား ပစ္စေကဗုဒ္ဓါ ဘုရားတို့သည်။ သဗ္ဗသောဏ္ဏမယေ၊
အလုံးစုံရွှေဖြင့်ပြီးသော။ ပီဌေ၊ အင်းပျဉ်၌။ နိသိန္နာ၊ နေကုန်သည်။
အဟေသုံ၊ ဖြစ်ကုန်၏။ ။ဤကား ဝါဠသေသနှင့်တကွ ယော
ဇနာ။ အဓိပ္ပါယ်ကား၊ ရှင်မဟာအာနန္ဒာက၊ ဘုရားရှင်၏ပါရမီ
ဖြည့်သော အခြင်းအရာကို တောင်းပန် လျှောက်ထားသည် ရှိ
သော်။ အာနန္ဒာ၊ ငါဘုရားသည်၊ တိလောက စကြာမင်း ဖြစ်
စဉ် ကာလက၊ လွန်လေပြီးသော ဘုရားပစ္စေကဗုဒ္ဓါတို့ကို ဖူးမြော်
လိုသည်ဖြစ်၍။ မနောပဏိဓိဖြင့် ထိုဘုရားပစ္စေကဗုဒ္ဓါတို့၏ မွေ့
လျော်စံပျော်ရာဖြစ်သော၊ နိဗ္ဗာန်ပြည်ကြီးသည်။ ဤသို့ ဤသို့
သဏ္ဌာနရှိ ကန့်ရာ၏ဟု၊ အနုမာနဖြင့် သိမြင်၍၊ နိဗ္ဗာန်နှင့်တူသော
အလှူထူး ဆန်းသွယ်သွယ်၊ ဆန်းကြယ်လှစွာ၊ ရတနာဂူလိုဏ်အထွေ
ထွေ ရွှေအင်းပျဉ် အဆန်းဆန်း၊ အံ့ခန်းအောင် နန်းဆောင် အ
သီးသီးနှင့်တကွ၊ နေ-လ, နက္ခတ်တို့၏ အနီးသို့ရောက်အောင်မြင့်စေ
၍၊ နေ-လ, နက္ခတ်တို့၏အရောင် ထိန်ပြောင်ပြောင် တောက်လောင်
ခြင်း နှင့်တကွ၊ နိဗ္ဗာန်ဘုံနန်းနှင့်တူသော ဝေဇယန္တာ နန်းပြာသာဒ်
ကြီးကိုပြီး စေပြီးလျှင် ဘုရားပစ္စေကဗုဒ္ဓါ ရဟန္တာတို့ကို တောင့်တ
သည်ရှိသော်၊ နိဗ္ဗာန် စံလွန်တော်မူပြီးသော၊ ဘုရားပစ္စေက ဗုဒ္ဓါ

တို့သည်။ နိမ္မိတပ္ပါး ဘုရားပစ္စေကဗုဒ္ဓါတို့ကို ဖန်တည်း၍ ကြွလာ
ကြပြီးလျှင်၊ မုခ်တံခါး အသီးသီးမှဝင်၍၊ ဂူလိုဏ်အချက် ရွှေအင်း
ပျဉ်ထက်၌၊ ထက်ဝယ်ဖွဲ့ခွေ စမွှါယ်နေကြကုန်၏ဟူသော ပိဏ္ဍတ္ထ
အဓိပ္ပါယ်။ ။ဤပိဏ္ဍတ္ထ၌၊ ဝေဇယန္တာဘုံနန်း၊ အဆန်းဆန်း
အကျယ်ကျယ်၊မနောပဏီဓိဖြင့် ပြီးစေခြင်းသည်၊ နိဗ္ဗာန်ဘုံနန်းကို
ရည်သန်၍ ပြီးစေသည်ဟု မှတ်ယူခန်ရှိသည်။ အကြောင်းမှာ၊
ထိုစကြာမင်း မျက်မှောက်လောက၌၊ ပစ္စေကဗုဒ္ဓါတို့သည်၊ ထင်
ရှားရှိကုန်သည်ဖြစ်၍၊ ထိုပစ္စေက ဗုဒ္ဓါတို့က နိဗ္ဗာန် ဘုံဗိမာန်၏
ပုံသဏ္ဍာန် အခြင်းအရာဖြစ်ဟန် ဟောကြားသံကို ကြားနာရဘူး
သတတ်။ ။ဤယောဇနာနည်း၌၊ နိမ္မိနိတ္တာ၏ကတ္တားကို ဘုရား
နှင့်တကွ၊ ပစ္စေကဗုဒ္ဓါတို့ကို။ ပါဌ်သသထည့်၍ ယောဇနာခြင်း
သည်။ အဋ္ဌကထာကိုထောက်၍ ယောဇနာအပ်သည်၊ ထောက်
ဟန်ကား။ ။ပုနနေ သဗ္ဗေ ကေတော ဒဿန္တော ဗုဒ္ဓါ ပစ္စေက
ဗုဒ္ဓါတိ အာဒိမာဟ တတ္ထဗုဒ္ဓါ .သမ္မာသမ္ဗုဒ္ဓါစ သာဝကာစ
သိဿာပရိစာရကာ နိဿိတကာ ခေတသဗ္ဗေ သကာယ သကာယ
ရဟိယာယ မမနာသလ္လိနာ မမပါသဒေ အာဘိရမန္တိတိအတ္ထော၊
ဤကား အပါဒါန် အဋ္ဌကထာပါဌ် ၁၀-ကျောင်းပေ ချပ်။ ။
ပုန၊ တဖန်။ ကေသဗ္ဗေ၊ ထိုအလုံးစုံကုန်သော ဘုရားပစ္စေကဗုဒ္ဓ
အရိယာပုဂ္ဂိုလ်တို့ကို။ ကေတော၊ တပေါင်းတည်း။ ဒဿန္တော၊
ပြတော်မူလိုသည်ဖြစ်၍။ ဗုဒ္ဓါပစ္စေက ဗုဒ္ဓါတိအာဒိံ၊ ဗုဒ္ဓါပစ္စေက
ဗုဒ္ဓါ ဤသို့အစရှိသောစကားကို။ အာဟ၊ မိန့်ပြီ။ တတ္ထ၊ထိုပါဌ်၌။
ဗုဒ္ဓါသမ္မာသမ္ဗုဒ္ဓါစ၊သမ္မာသမ္ဗုဒ္ဓ အမည်ရသောဘုရားရှင်တို့သည်
ငှင်း။ ပစ္စေကဗုဒ္ဓါစ၊ ပစ္စေကဗုဒ္ဓါတို့သည်ငှင်း။ သိဿာပရိစာရ
ကာ နိဿိတကာ၊ တပည့် အခြံအရံဖြစ်ကုန်သော။ သာဝကာစ၊

သာဝကတို့သည်ငှင်း။ ဧဘောသဗ္ဗေ၊ ထိုအလုံးစုံတို့သည်။ သကာယ သကာယ၊ မိမိ မိမိတို့နှင့် ထိုက်တန်ကုန်သော။ ရတိယာဝယ၊ မွေ့လျော်ပျော်ပါးဘွယ်ရှိသော။ မမနာသလ္လိနာ၊ ငါဖန်တည်းအပ်သော။ မမပါသဒေ၊ ငါ၏ပြုဿဒ်၌။ အဘိရမန္တိ၊ မွေ့လျော်ကြကုန်၏။ ဣတိအယံ၊ ဤသည်ကား။ အတ္ထော၊ အနက်တည်း။ ဤကား ယောဇနာ။

ဤအဋ္ဌကထာပါဠိ၌၊ ဗုဒ္ဓါသမ္မာသမ္ဗုဒ္ဓ၊ ပစ္စေကဗုဒ္ဓါ ဟူသော ပုဒ်တို့ကိုကောက်၍ငှင်း။ ဗုဒ္ဓါပိဗုဒ္ဓါပုစ္ဆန္တိ၊ ဝိသယံသဗ္ဗညုမာလယံ၊ ဂမ္ဘီရံနိပုဏံဌာနံ၊ ပညာယ ဝိနိဗုဇ္ဈရေ။ ။ဤကား အပါဒါန်ပါဠိတော် ၁၁-ကျောင်းပေကာချပ်။

ဗုဒ္ဓါပိ၊ ပစ္စေကဗုဒ္ဓါတို့သည်လည်း။ ဗုဒ္ဓေ၊ ပစ္စေကဗုဒ္ဓါတို့ကို။ ဝိသယံသဗ္ဗညုမာလယံ၊ သဗ္ဗညုတဉာဏ်၏အရာဖြစ်သော။ ပဉှံ၊ ပြဿနာကို။ ပုစ္ဆန္တိ၊မေးကုန်၏။ ဂမ္ဘီရံ၊ အသိဉာဏ်၏နက်နဲခြင်း၊ အနက်၏ နက်နဲခြင်းဟုဆိုအပ်သော။ နိပုဏံ၊သိမ်မွေ့နူးညံ့သော။ ဌာနံ၊ အကြောင်းကို။ ပညာယ၊ ပညာဖြင့်။ တေ၊ ထိုဘုရားတို့သည်။ ဝိနိဗုဇ္ဈရေ- ဝိနိဗုဇ္ဈန္တိ၊ သိဘော်မူကုန်၏။ ။ဤကား ယောဇနာ။

ဗုဒ္ဓါပိ၌၊ ပိသဒ္ဒါကား၊ သမုစ္စယတ္ထ၊ ဘုရားကိုလည်းဆည်း အဓိပ္ပါယ်ကား၊ ဘုရားတို့သည်လည်း ဘုရားတို့ကို သဗ္ဗညုတဉာဏ်၏ အာရုံဖြစ်သော၊ အသိဉာဏ်၏ နက်နဲခြင်း သိမ်မွေ့နူးညံ့သော ပြဿနာကိုမေးကုန်၏ဟူလို။ သဗ္ဗညုတ ဉာဏဿဝိသယံ အာရမ္မ

ဉာဏဘူတံ ပညံ ဗုဒ္ဓါ ဗုဒ္ဓေ ပုစ္ဆန္တီတိ အတ္ထော၊ ဤကား အပါဒါန် အဋ္ဌကထာပါဠ် ၁၀-ကျောင်းပေ ၄ချပ်။

သဗ္ဗညုတဉာဏဿ၊ သဗ္ဗညုတဉာဏ်၏။ ဝိသယံအာရမ္မဏဘူတံ၊ အာရုံဖြစ်၍ ဖြစ်သော။ ပညံ၊ ပြဿနာကို။ ဗုဒ္ဓါ၊ ဘုရားတို့သည်။ ဗုဒ္ဓေ၊ ဘုရားတို့ကို။ ပုစ္ဆန္တိ၊ မေးကုန်၏။ ဣတိအယံ၊ ဤသည်ကား။ အတ္ထော၊ အနက်တည်း။ ။ဤကား ယောဇနာ။

ဤအဋ္ဌကထာ၌၊ သဗ္ဗညုတ ဉာဏဿ ဝိသယံ အာရမ္မဏဘူတံဟု ဆိုသော်လည်း။ ပစ္စေက ဗုဒ္ဓါတို့၌၊ ဂမ္ဘီရ။နိပုဏဖြစ်သော၊ သဗ္ဗညုတဉာဏ်၏ အာရုံကိုမယူလင့်။ မနက်မတိမ် မသိမ်မွေ့ လွန်းသော အာရုံပြဿနာကိုသာယူ။ အကြောင်းမှာ ပစ္စေကဗုဒ္ဓါတို့၏ သဗ္ဗညုတဉာဏ်နှင့် မဆက်ဆံသည်၏အဖြစ်ကြောင့်တည်း။ နိမ္မိတပွားကိုဖန်တည်း၏ ဟူရာ၌လည်း၊ ဆအာသာဓါရဏဉာဏ်ခြောက်ပါးရှိသော၊ စိတ်သဏ္ဍာန်နှင့် တကွ၊ ဘုရား ရုပ်ပွား သဏ္ဍာန်ကို၊ ဖန်တည်းသည်ဟု မယူလင့်။ အကြောင်းမှာ ထိုဉာဏ်ခြောက်ပါးသည်၊ ပစ္စေကဗုဒ္ဓါတို့နှင့် မဆက်ဆံခြင်းကြောင့်တည်း။ ပုံကား၊ မာရ်နတ်မင်း၊ နဂါးမင်းတို့သည်၊ ဖန်တည်းအပ်သောစိတ်သဏ္ဍာန် သာမညနှင့်တကွရုပ်ပွားသဏ္ဍာန် သာမညကဲ့သို့မှတ်။ ဘုရား-ဘုရားချင်းကုံရည်၍၊ ထုံးကားကိုဆိုသည်ဟုယူ၊ ဤသို့လာသော ပါဠိပါဠ်တို့၌။ သမုစ္စယတ္ထပိသဒ္ဒါကိုထောက်၍၎င်း။ သဗ္ဗညုတဉာဏဿ ဝိသယံ အာရမ္မဏဘူတံ ဟူသော ပါဠ်ကိုထောက်၍၎င်း၊ ဘုရားတို့အား အစိန္တေယျဂုဏ် ရှိသည်၏အဖြစ်ကို ထောက်၍၎င်း။ ထိုစကြာမင်း၏ ပြဿဒ်ဘုံဗိမာန်သို့၊ ပစ္စေကဗုဒ္ဓါသာမဟုတ်၊ ဘုရား

တို့လည်း ဝင်ရောက်လာကြ၏ဟု မှတ်အပ်သတည်း။ ထို့ကြောင့် နိမ္မိနိတ္တာ၏ ကတ္တားကို၊ သမ္မာသမ္ဗုဒ္ဓ ဘုရားနှင့်တကွ၊ ပစ္စေကဗုဒ္ဓါကို မှတ်အပ်၏။ ဤသို့လာသည်ကိုထောက်၍၊နိဗ္ဗာန်ကိုကြွရောက်တော်မူပြီးသောဘုရားတို့သည်လည်း။တိလောက စကြာမင်းကဲ့သို့ ဘုန်းပါရမီ သီလသမာဓိ ရှိကုန်သော သူတို့က တောင့်တလျှင်၊ ဤလောကသို့ ကိုယ်တိုင်ပင်ပေါ် ရောက်လာအံ့သည်မချွတ်။ဤသို့လာရောက်ခြင်းသည်လည်း၊အစိန္တေယျဂုဏ်တမျိုး။နိဗ္ဗာန်မှတပါး လောကတံသို့ မလာမရောက်ဆိုသည်ကား။ ပဋိသန္ဓေ အားဖြင့်သာ မလာမရောက်သည်ကိုမှတ်။ ထိုစကြာမင်း၏ ဘုရားပစ္စေကဗုဒ္ဓါတို့ကို ကိုးကွယ်ဆည်းကပ်ခြင်းကို၊ သရဏဂုဏ်ဟုမှတ်။ စကြာမင်းကို မဆိုထားဘိ၊ တိရစ္ဆာန် ဖြစ်ဘူးသော ဘုရားအလောင်း ရွှေဥဒေါင်းမင်း၏လည်း၊ ရှေးဘုရားတို့ကို ရှိခိုးကိုးကွယ်ခြင်းကိုငင်း။ ဘုရားအလောင်းငုံးမင်း၏လည်း၊ ရှေးဘုရားတို့ကို အောက်မေ့ဆောက်တည်ခြင်းကိုငင်း သရဏဂုဏ်ပင်ဟုမှတ်။ သာသနာပ၌ ဘုရား ထင်ရှားမရှိသော်လည်း၊ တိလောက စကြာမင်း၊ ရွှေဥဒေါင်းမင်း၊ ငုံးမင်းတို့ကဲ့သို့၊ သိ၍ဆောက်တည်မှုကား၊ သရဏဂုမ် တည်သည်သာဟုမှတ်။ သရဏဂုမ်သည်လည်း၊ လောကီ သရဏဂုမ်၊ လောကုတ္တရာ သရဏဂုမ်ဟူ၍ နှစ်ပါးရှိ၏။ ထိုနှစ်ပါးတို့တွင် လောကီ သရဏဂုမ်သည်၊ ဒိဋ္ဌိအယူကိုယူခြင်း။ သေခြင်း နှစ်ပါးတို့ကြောင့်ပျက်၏။ လောကုတ္တရာ သရဏဂုမ်မှာအခါခပ်သိမ်း ပျက်သည်မရှိ။ ထို့ကြောင့်၊ အနာထပိဏ်၊ ဝိသာခါ၊ စူဠရဋ္ဌ နတ်သား၊ မဟာရဋ္ဌ နတ်သား၊ အနေကဝဏ္ဏ နတ်သား သိကြား၊ နာဂဒတ္တနတ်သား ဟု ဆိုအပ်ကုန်သော ဘုံစဉ်စံ ခုနစ်ယောက် ဝဋ္ဋနိဿိတ သောတာပန်တို့သည်လည်း၊ အကပ္ပါပါ၊ ကြာသမျှ

ကာလပတ်လုံး သရဏဂုံ ပျက်ခြင်းမရှိပြီ။ အယုတ်အားဖြင့် အရှုပလေးဘုံ၌ ဖြစ်သော သောတာပန် သကဒါဂါမ် တို့သည်လည်း၊ သရဏဂုံမပျက်ပြီ။ သာသနာတော်တွင်း၌ပင်ဖြစ်သော်လည်း၊ သရဏဂုံကို မသိ မဆောက်တည်သော သူတို့မှာ သရဏဂုံမရှိ သူငယ်ကလေးပင်ဖြစ်သော်လည်း၊ မိဘတို့၏ ဒိဋ္ဌာနုဂတိသို့ လိုက်၍၊ ဗုဒ္ဓံသရဏံဂစ္ဆာမိဟု ဆို၍ဆောက်တည်လျှင်၊ ဉာဏဝိပ္ပယုတ် သရဏဂုံဖြစ်၏ဟု အမြဲမှတ်။ ဤကား နိဗ္ဗာန်နှင့်စပ်လျဉ်း၍၊ သရဏဂုံကို အကျဉ်းမှတ်ဖွယ် ဆိုလိုက်၏။

လေခမာနံ ခိမာရမ္ဘ၊ ရတ္တိယံ ဒက္ခိဏာ ဘာဂေ၊

သုပိနေ ပဿမှုပါဟံ၊ စန္ဒမဏ္ဍလသုက္ကတ္တိ။ ။

ဝုတ္တံ ဟေတံ၊ ဝါစာတန္တိံ တညေပေယျုံ၊ သောတ္တိံ သတ္တာ။

ကပ္ပံ တိဋ္ဌတုမေ အာယု၊ တေသံတာဒါနုဘာဝေန၊

ဓေတေနသစ္စဝစ္စေန၊ ကေန္တေနသုခံခေမံ။

ပ-ကားဝတ္တဂါထာ၄-ပါဒ။ ။ဒု-ကားနျဂါထာ ၄-လုံးဖွဲ့၊ တ-ကား ဝတ္တဂါထာ။

ဣမံ၊ ဤစာတန်းကို။ လေခမာနံ၊ ရေးစဉ်။ ရတ္တိယံ၊ ညဉ့်အခါ၌။ ဒက္ခိဏာဘာဂေ၊ တောင်မျက်နှာ အဘို့ဖြစ်သော။ ခေ၊ ကောင်းကင်အလယ်၌။ စန္ဒမဏ္ဍလံ၊ လပြည့်ဝန်းကိုရှင်း။ ဣတိ ဣမဿ၊ ဤလဝန်း၏။ ဥပေ၊ အောက်အနီး၌။ သုက္ကံ၊ သောက်ရှူးကြယ်ကိုရှင်း။ သုပိနေ၊ ဣမွက်၌။ အဟံ၊ ငါသည်။ ပဿံ၊ မြင်မက်၏။ တေ၊ ဤအကြောင်းကို။ အာရမ္ဘ၊ အကြောင်းပြု၍။

ဟိတံ၀ါစာတန္တိ ၊ ထိုစာတန်းကို။ စန္ဒမဏ္ဍလသုက္ကန္တိ၊ စန္ဒမဏ္ဍလ သုက္က စာတန်းဟူ၍။ ၀ါ၊ လ၀န်းသဖွယ် သောက်ရှူးကြယ်နှင့် တူသော စာတန်းဟူ၍။ ဝုတ္တံ၊ ပြုတ္တုမလွတ် မချွတ်ဆိုအပ်၏။ ကေန္တေန၊ စင်စစ်အားဖြင့်။ ခေမံ၊ ဘေးမရှိမှန် နိဗ္ဗာန်ပြည်ကြီး သည်။ သုခံ၊ ချမ်းသာ၏။ တေန သစ္စ၀စ္စေန၊ ဤသစ္စာစကား ကြောင့်ဍင်း။ တေသံ၊ ထိုနိဗ္ဗာန် ဘုရားသာ၀ကတို့၏။ တဒါနု ဘာဝေန၊ ထိုအံ့ချီး၍မကုန်၊ အစိန္တေယျဂုဏ်တို့၏ အာနုဘော် ကြောင့်ဍင်း။ မေ၊ ငါ၏။ အာယု၊ အသက်သည်။ ကပ္ပံ၊ အနှစ် တရာ ရှည်ကြာသမျှ အာယုကပ်ပတ်လုံး။ တိဋ္ဌတု၊ တည်စေ သတည်း။

အသြော၊ စန္ဒမဏ္ဍလသုက္က စာတန်း အခန်းခန်းကို၊ ကြိုးပမ်း ကုတ်သေး ရေးသောငါမှ တပါးကုန်သော။ သတ္တာပိ၊ သတ္တ၀ါ တို့သည်လည်း။ တံတေန အာနုဘာဝေန၊ ထိုနိဗ္ဗာန်ဘုရားသာ၀က တို့၏ အစိန္တေယျမျိုး ဘုန်းတံခိုး အာနုဘော်ကြောင့်။ သောတ္ထိံ၊ ချမ်းသာခြင်းသို့။ ယန္တု၊ ရောက်စေကုန်သတည်း။ ။ဤကား ယောဇနာ။

စန္ဒမဏ္ဍလသုက္ကန္တိမှဒ်သည်၊ ပဒတ္ထတချက် အာကာရတချက် နှစ်ချက်သင့် ဘိန္န သတ္တိနည်း၊ ဒုတိယဂါထာ ၄-ပါဒတွင် ဟိကား သဗ္ဗနာမ် ၀ါစကအာနုဘာဝေန ကိုစွဲ။ ၁၂၆၃-ခုနှစ် အလွန် ၄- ခုနှစ်အတွင်း သီတင်းကျွတ် လပြည့်ကျော်(၁၀)ရက်၊ ၄-ဟူးနေ့၌ စန္ဒမဏ္ဍလသုက္ကစာတန်း အခန်း ပြည့်စုံပြီ။ ။

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက် အမှတ် ၄၀၃၈။

ထုတ်ဝေသူ။ ။ဦးဒေဝိန္ဒကာ၊
ကင်းလွှတ်ခွင့် အမှတ် (၀၁၂၄၆)
မဟာရာဇိကာရုံကျောင်းတိုက်၊
ရှမ်းလမ်း၊ စမ်းချောင်း- ရန်ကုန်မြို့။

ပုံနှိပ်သူ။ ။ဦးကျော့မောင်၊
ပြည်သူ့မိတ်ဆွေစာပုံနှိပ်တိုက်၊
မှတ်ပုံတင်အမှတ် မြဲ (၀၂၀၄)၊
အမှတ် ၁၆၆၊ ၄၆-လမ်း၊ ရန်ကုန်မြို့။

၂